# The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့။ Tuesday, 14 March 2023 ၁၁၀၃၉


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



သံလွင်တံတား(တာဆန်း) တည်ဆောက်နေမှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။

# နမ့်စန်-မိုးနဲ-မိုင်းတုံ-မိုင်းဆတ်လမ်းပေါ်၌ နှစ်လမ်းသွား သံပေါင်တံတားဖြစ်သည့် သံလွင်တံတား(တာဆန်း)တည်ဆောက်မှု ၂၀၂၅ ခုနှစ်တွင် ပြီးစီးရန်လျာထား

မိုင်းတုံ မတ် ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်တို့ကို ဆက်သွယ်နိုင်ရန် နှစ်လမ်းသွားသံပေါင်တံတားဖြစ်သည့် သံလွင်တံတား(တာဆန်း)ကို တည်ဆောက်လျက်ရှိရာ ၂၀၂၅ ခုနှစ်တွင် ပြီးစီးရန်လျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

သံလွင်မြစ်ကိုဖြတ်သန်း၍ မူလအရှည်ပေ ၉၀၀ ရှိသော တစ်လမ်းသွား ဘေလီကြိုးတံတားဟောင်းနှင့် ပေ ၃၀၀ အကွာ နမ့်စန်-မိုးနဲ-မိုင်းတုံ- မိုင်းဆတ်လမ်း (NH-23)၊ မိုင်တိုင်အမှတ် ၁၈၄ ကီလိုမီတာ နှင့် ၁၈၅ ကီလိုမီတာကြား၌ တည်ဆောက်နေသော သံလွင်တံတား(တာဆန်း)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်လျက်ရှိသည်။

ယခုအခါ မိုင်းပန်ဘက်ကမ်းနှင့် မိုင်းတုံဘက်ကမ်း တစ်ဖက်တစ်ချက်စီ၏ကုန်းပေါ်ရှိ တံတားတိုင်လုပ်ငန်းများပြီးစီးနေပြီဖြစ်ပြီး ပင်မတံတားတိုင် နှစ်တိုင်ဖြစ်သည့် T1 နှင့် T2 ၏ ပိုင်တိုင်ထိပ်အုပ်နှင့် ကိုယ်ထည် လုပ်ငန်းများလည်း ပြီးစီးသွားပြီဖြစ်သည်။ ရေလယ်တိုင် RP 1 နှင့်

စာမျက်နှာ ၇ ကော်လံ ၄ သို့ ✳

**ယနေ့ ဖတ်စရာ**

**ကိုယ်ပိုင်အသေးစား၊ အငယ်စား၊ အလတ်စား (MSME)လုပ်ငန်းများ ထူထောင်နိုင်ကာ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်နှင့် ဝန်ထမ်းမိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေး ဆောင်ရွက်**

စာမျက်နှာ » ၅

**ရေရှည်အကျိုးကို ရည်မျှော်ကိုး၍ ပြဋ္ဌာန်းခဲ့သည့် ဥပဒေ**

ဆောင်းပါး စာမျက်နှာ » ၆

**ဗီယက်နမ်နိုင်ငံ၏ ကော်ဖီထုတ်လုပ်မှု မြှင့်တင်မည်**



စာမျက်နှာ » ၁၃

**၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၆၈ ဦးရှိ**

စာမျက်နှာ » ၈

**မီဒီယာများမှ စွပ်စွဲဖော်ပြမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်**

စာမျက်နှာ » ၁၂

ကြေးမုံ

# ပြည်သူများ၏ အနာဂတ်ကောင်းမွန်ရေး လူမှုဘဝအန္တရာယ်များကို တားဆီး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "နိုင်ငံ၏ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး" လူမှုရေးဦးတည်ချက်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူများ သက်ရှည်ကျန်းမာရေးကို ဆောင်ရွက်ပေးရာ၌ အစားအသောက်များ ဘေးကင်းလုံခြုံစိတ်ချရေးသည် အရေးကြီးသောအချက်ဖြစ်သည်။

မျက်မှောက်ကာလ လူမှုစီးပွားဘဝ နယ်ပယ်များ၌ ပြည်သူများ ကျန်းမာရေးကို ထိခိုက်စေသည့် လုပ်ဆောင်မှုများပြုလုပ်နေသည်ကိုတွေ့ရသည်။ ဝိသမလောဘစီးပွားရှာဖွေသူများက ပြည်သူများကျန်းမာရေးကို ထိခိုက်စေနိုင်သည့် မရိုးမသားစီးပွားရှာဖွေမှုများကို ပြုလုပ်ကြခြင်းများအပြင် အထူးသဖြင့် လူငယ်လူရွယ်များ၏ အနာဂတ်ဘဝများကို ပျက်စီးစေနိုင်သည့် မူးယစ်ဆေးဝါးဖြင့် စီးပွားရှာဖွေခြင်းနည်းလမ်းတစ်မျိုးဖြင့် လုပ်ကိုင်လာကြသည်ကိုတွေ့ရသည်။ ဝိသမစီးပွားရေးသမားများက အစားအသောက်များတွင် လူတို့၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ဓာတုပစ္စည်းများကို အသုံးပြုလာကြသလို မသမာသူများက ကလေးသူငယ် လူငယ်လူရွယ်များ စားသုံးသည့်အစားအစာများအား စွဲလမ်းနှစ်သက်စေရန် မူးယစ်ဆေးဝါးများ အသုံးပြုလာကြသည်ကို ဖော်ထုတ်တွေ့ရှိထားသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ်တွင် ကွတ်ကီးမုန့်များအတွင်း ဆေးခြောက်များထည့်သွင်း၍ အွန်လိုင်းမှတစ်ဆင့် ရောင်းချသူနှစ်ဦးကို ပြည်သူများ၏ သတင်းပေးမှုအရ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး မတ်လ ၈ ရက်နေ့ကလည်း ရန်ကုန်မြို့ တာမွေမြို့နယ်တွင် ဆေးခြောက်အဆီဖြင့် ရောနှောပြုလုပ်ထားသည့် ချောကလက်မုန့်များနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိ၍ လုပ်ကိုင်ဆောင်ရွက်သည့် အမျိုးသမီးတစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။ ၎င်းသည် ၂၀၁၆ ခုနှစ်မှစတင်၍ ဆေးခြောက်အဆီထုတ်သည့်နည်းပညာကို အွန်လိုင်းမှတစ်ဆင့်လေ့လာခဲ့ပြီး ၂၀၂၂ ခုနှစ် ဩဂုတ်လမှစတင်၍ ဆေးခြောက်များကို အွန်လိုင်းမှတစ်ဆင့်ဝယ်ယူကာ ဆေးခြောက်အဆီများရောနှောထားသည့် ချောကလက်မုန့်များကို အွန်လိုင်းမှတစ်ဆင့်ရောင်းချခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ အသက်ရှည်ကျန်းမာရေးအတွက် ဘေးကင်းလုံခြုံစိတ်ချသော အစားအသောက်များစားသောက်နိုင်ရန် အစားအသောက်အရည်အသွေးစစ်ဆေးရေးကို တစ်နိုင်ငံလုံး လွှမ်းခြုံစစ်ဆေးပေးလျက်ရှိပြီး အရည်အသွေးမပြည့်မီသော အစားအသောက်များ၊ ပြည်သူများအား အန္တရာယ်ဖြစ်စေနိုင်သော အစားအစာ၊ ဆေးဝါးနှင့်လူသုံးကုန်ပစ္စည်းများအား ဖော်ထုတ်အရေးယူဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင် ရောင်းဝယ်ဖောက်ကားသူများကို ရှာဖွေဖော်ထုတ် အရေးယူလျက်ရှိပြီး လူငယ်ထုအတွင်း မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် စိတ်ပြောင်းဆေးဝါးအသစ်များ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သောအန္တရာယ်များကို ကြိုတင်ကာကွယ်တားဆီးလျက်ရှိသည်။

ဝိသမလောဘသည် အတောမသတ်နိုင်သကဲ့သို့ နိုင်ငံတော်အစိုးရက ထိရောက်စွာ တားဆီးကာကွယ်နှိမ်နင်းနေသည့်ကြားမှ မသမာသောလုပ်ငန်းအမျိုးမျိုးအား ဆက်လက်လုပ်ကိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်သူများ စားသောက်သော အစားအသောက်များတွင် အန္တရာယ်ဖြစ်စေနိုင်သည့် ဓာတုပစ္စည်းများကို နည်းလမ်းအဖုံဖုံဖြင့်ထည့်သွင်း၍ ကိုယ်ကျိုးစီးပွားရှာဖွေကြပြီး မျိုးဆက်သစ်လူငယ်များ လူညွှန့်တုံးစေရန်အတွက် မူးယစ်ဆေးဝါးများအား အမျိုးမျိုးအဆင့်မြှင့်တင် ပြောင်းလဲထုတ်လုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ ယခုကဲ့သို့ လူငယ်လူရွယ်များစားသုံးသည့် ချောကလက်မုန့်များ၊ ကွတ်ကီးမုန့်များတွင် ဆေးခြောက်အဆီများ ရောစပ်ထည့်သွင်း၍ အွန်လိုင်းပေါ်မှ ရောင်းချခြင်းသည် လူ့အသိုက်အဝန်းအတွင်း မည်မျှအန္တရာယ်ကြီးမားပြီး စိုးရိမ်ဖွယ်ရာအခြေအနေရှိသည်ကို သတိပြုရမည်ဖြစ်သည်။

ဝိသမလောဘသားများသည် ၎င်းတို့အကျိုးစီးပွားရလိုမှု တစ်ခုတည်းကိုသာကြည့်၍ သမားရိုးကျ အစားအသောက်များတွင် မသမာမှုများကို လွယ်လွယ်ကူကူ ပြုလုပ်နေကြခြင်းနှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဆိုင်ရာ ဥပဒေအရ ထိရောက်စွာအရေးယူလျက်ရှိသည့် မူးယစ်ဆေးဝါးများကိုလည်း အသွင်အမျိုးမျိုးပြောင်းလဲကာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေမှုများအား ပြည်သူများက အသိတရားဖြင့် ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် ပိုမိုထိရောက်စွာတိုက်ဖျက်ကြရမည်ဖြစ်သည်။ ကျောင်းသားလူငယ်များနှင့်လူငယ်လူရွယ်များကြားတွင် ထင်ယောင်ထင်မှားဖြစ်အောင် အွန်လိုင်းပေါ်မှ အမျိုးမျိုးဆွဲဆောင်စည်းရုံးမှုများ၊ ပြည်သူများ စားသောက်သော အစားအသောက်များတွင် အန္တရာယ်ဖြစ်အောင် အကျိုးအမြတ်ရှာဖွေမှုများ၊ မူးယစ်ဆေးဝါးအနွယ်ဝင် ဆေးခြောက်များ ဆက်စပ်ပါဝင်သော အစားအစာများကို တွင်တွင်ကျယ်ကျယ် ထုတ်လုပ်ရောင်းချမှုများအား ပြည်သူလူထုပူးပေါင်းကူညီမှုဖြင့် တားဆီးကာကွယ်ကြရမည်ဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။
- ★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထား ဆောင်ရွက်ရေး။
- ★ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။
- ★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## SIM Card များ စနစ်တကျမှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ ရက်ပေါင်း(၃၀)အတွင်း မှန်ကန်စွာ ပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို(SMS)များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို(SMS)များရရှိပြီး ရက်ပေါင်း (၃၀)အတွင်း နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင် ခြင်းမရှိသောဆင်းကတ်များအား One Way Block(အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှု ရပ်ဆိုင်းခြင်း) ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ One Way Block ဆောင်ရွက်ထားသည့် အချိန်မှစ၍ ရက်ပေါင်း(၉၀)အတွင်း နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် လာရောက်ပြင်ဆင်မှတ်ပုံတင်ခြင်း မရှိသောဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်များ ပိတ်သိမ်းခံရမှု မရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို (SMS) ရရှိပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ် အချက်အလက်အမှန်ဖြင့် အမြန် ပြန်လည်မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၄၀၀ | ၈,၄၀၀ | ၁,၂၁၄ | ၁၀,၁၉၇,၇၀၀ |
| MTSH | ၃,၂၀၀ | ၃,၂၀၀ | ၁,၄၆၂ | ၄,၆၇၈,၄၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၁၀ | ၇၇,၀၀၀ |
| FPB | ၁,၆၅၀ | ၁,၆၀၀ | ၁,၇၀၀ | ၂,၇၂၅,၀၀၀ |
| TMH | ၂,၅၅၀ | ၂,၅၅၀ | ၅၅ | ၁၄၀,၂၅၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၇၈ | ၈၇၂,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၄၁.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၄.၆၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၆၉၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၆.၉၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၆၀ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၉၀.၁ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၅၈.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၇၃.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၀.၆၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၂၆ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်)

**ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးထွန်းထွန်းဦး အား ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ် တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ်၊ ၂၇ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၁၃ ရက်)

**ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ချယ်ရီခင် အား ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၃

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီး မြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရှိ အစည်းအဝေး ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား နှစ်နိုင်ငံ အကျိုးတူပူးပေါင်း ဆောင်ရွက်နိုင်မည့် စီးပွားရေး၊ ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို လက်တွေ့ ဆောင်ရွက်နိုင်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြ သည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



နေပြည်တော် မတ် ၁၃

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ ညွှန်ကြားရေးမှူး Mr. Alexander Sergeevich Shatirov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်ဖက်ချုပ်ဆိုထားသော နားလည်မှုစာချွန်လွှာအရ နှစ်နိုင်ငံအကြား ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ငွေရေးကြေးရေး ကဏ္ဍနှင့် ခရီးသွားကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အဆင့်မြင့် အရာရှိကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မော်လမြိုင်ခရိုင်၌ စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

မော်လမြိုင် မတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ၂၀၂၃ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ အထိမ်းအမှတ် အကြို စားသုံးသူကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို မတ် ၁၃ ရက် နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**အသိပညာပေးဆွေးနွေး**

အဆိုပါဆွေးနွေးပွဲတွင် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်ကြည်တို့က စားသုံးသူရေးရာဦးစီးဌာန၏ ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ကို စတင်ကျင်းပခဲ့သည့်ခုနှစ်၊ စားသုံးသူအခွင့်အရေး(၈)ချက်၊ အပြည်ပြည်ဆိုင်ရာ စားသုံးသူများအဖွဲ့မှ ထုတ်ပြန်သည့် ဆောင်ပုဒ်၊ စားသုံးသူအခွင့်အရေးများနေ့ ဆောင်ပုဒ် စသည့် ဗဟုသုတရဖွယ်များကို အသိပညာပေးဆွေးနွေးခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်တွင် “လမ်းလျှောက်သကြံန်” အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၁၃**

၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ အတာသကြံန်ပွဲတော်ကာလအတွင်း နေပြည်တော်တွင် “လမ်းလျှောက်သကြံန်” အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထက်၊ ဦးရဲတင့်၊ ဒေါ်နုမြဇံ၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ရဲရင့်အောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ Brilliant Aura Co.,Ltd မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ၂၀၂၃ ခုနှစ် မြန်မာ့ရိုးရာ သကြံန်ပွဲတော်ကာလအတွင်း နေပြည်တော်တွင် လမ်းလျှောက်သကြံန်ကို ထည့်သွင်း ကျင်းပသွားမည်ဖြစ်ရာ သကြံန်ပွဲတော် ပိုမိုစည်ကားများပြားမည်ဟု ယုံကြည်ပါကြောင်း၊ နေပြည်တော်ရှိဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များနှင့် ပြည်သူများ လူကြီးလူငယ်မရွေး ပျော်ရွှင်စွာဆင်နွှဲနိုင်ရေးအတွက် လမ်းလျှောက်သကြံန်ကို ထည့်သွင်းစီမံဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ မြန်မာတို့၏ ရိုးရာသကြံန်ကို ပေါ်လွင်အောင် ဆင်နွှဲရင်း ရိုးရာယဉ်ကျေးမှုကိုထိန်းသိမ်းပြီး လမ်းလျှောက်သကြံန်ကိုလည်း စည်းကမ်းတကျ ပျော်ပျော်ရွှင်ရွှင်ဖြစ်စေရန်နှင့် အဆင့်မီသော သကြံန်တစ်ခုဖြစ်စေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း မိမိတို့ဝန်ထမ်းများ ပျော်ရွှင်စွာဆင်နွှဲနိုင်စေရေး ပူးပေါင်းပါဝင်ကြမည်ဟု မျှော်လင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။



နေပြည်တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် နေပြည်တော်တွင် “လမ်းလျှောက်သကြံန်” အောင်မြင်စွာ ကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။

**ရှင်းလင်းပြောကြား**

ထို့နောက် နေပြည်တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က နေပြည်တော်၌ ယခုနှစ်သကြံန်တွင် ထည့်သွင်းကျင်းပမည့် လမ်းလျှောက်သကြံန် အောင်မြင်စွာ ကျင်းပနိုင်ရေး နေပြည်တော်ကောင်စီအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ Brilliant Aura Co.,Ltd မှပရောဂျက်ဒါရိုက်တာက နေပြည်တော်၌ ကျင်းပမည့် လမ်းလျှောက်သကြံန်နှင့် ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှုများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက နေပြည်တော် လမ်းလျှောက်သကြံန် ကျင်းပနိုင်ရေးအတွက် ရေရရှိရေး၊ ဖျော်ဖြေရေးဆိုင်ရာ၊ ကျန်းမာရေးပိုင်းဆိုင်ရာ၊ စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ အပါအဝင် အားလုံး ပါဝင်ပျော်ရွှင်စေရေး ပေါင်းစပ်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

---

# မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃) အထိမ်းအမှတ် Scrabble ပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး တက်ရောက်ချီးမြှင့်

**နေပြည်တော် မတ် ၁၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းသည် မတ် ၁၁ မှ ၁၂ ရက်အထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC-2) နေပြည်တော်၌ ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)ကို အောင်မြင်စွာ ကျင်းပနိုင်ခြင်း အထိမ်းအမှတ်အဖြစ် ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနတွင် ကျင်းပသော Scrabble ပြိုင်ပွဲသို့ တက်ရောက်အားပေးကာ ဆုရရှိသူများအား ပြိုင်ပွဲအထိမ်းအမှတ် ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။



ထို့ပြင် မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ(၂၀၂၃)သို့ တက်ရောက်ခဲ့သည့် ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ ဆေးပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအစရှိသည့် အင်အား ၂၂၀ ဦးပါဝင်သော လေ့လာရေးအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း ဦးဆောင်၍ ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်လေ့လာကြသည်။ အဆိုပါလေ့လာရေးအဖွဲ့ကို ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် လုပ်ငန်းဆောင်ရွက်ပုံ အဆင့်ဆင့်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်နေမှုကို ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အလှူငွေများ ပေးအပ်လှူဒါန်းကာ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေများပေးအပ်လှူဒါန်းကာ ရဋ္ဌနန္ဒက ရတနာဆင်ဖြူတော်အပါအဝင် ဆင်ဖြူတော်များနှင့် အဖော်ဆင်များထံ သွားရောက်၍ အစာအာဟာရကျွေးမွေးပြီး လေ့ခွင်းတောင် ကမ်းခြေအပန်းဖြေစခန်းသို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပမည့် အာဆီယံနိုင်ငံများအတွင်း ကူးစက်ရောဂါများ ကာကွယ်တားဆီးရေးအတွက် တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက်မည်



**နေပြည်တော် မတ် ၁၃**

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ မတ် ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပမည့် အာဆီယံနိုင်ငံများအတွင်း ကူးစက်ရောဂါများကာကွယ်တားဆီးရေးအတွက် တစ်ခုတည်းသောကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးသို့ တက်ရောက်ရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံမှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံနိုင်ငံများ၌ ကူးစက်ရောဂါများ ကာကွယ်တားဆီးရေး၊ ရောဂါဖြစ်ပွားလာပါက စောစီးစွာတုံ့ပြန်ဆောင်ရွက်နိုင်ရေးတို့အတွက် သက်ဆိုင်ရာကဏ္ဍများဖြစ်ကြသည့် ပြည်သူ့ကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ ကဏ္ဍအသီးသီးတို့မှ တစ်ခုတည်းသောကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု (One Health Approach) ဖြင့် ပေါင်းစပ်ဆောင်ရွက်နေမှုကို အတွေ့အကြုံများဖလှယ်ကြမည်ဖြစ်ကာ မေလတွင် ကျင်းပမည့် (၄၂) ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် တစ်ခုတည်းသောကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကြေညာစာတမ်း ထုတ်ပြန်နိုင်ရေးအတွက် ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုင်ငံရေးပါတီတည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၁၃**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်လိုသော **ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ [Shan-Ni Solidarity Party (S.S.P)]** နှင့် **လူထုပါတီ (The Party for People)** တို့သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ခြောက်ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ လျှောက်ထားသော ပါတီ ၁၅ ပါတီဖြစ်၍ စုစုပေါင်း ၂၁ ပါတီ ဖြစ်သည်။ ယင်း ၂၁ ပါတီတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့် ပါတီ ငါးပါတီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီ ၁၆ ပါတီဖြစ်ပြီး အဆိုပါ ပါတီများကို တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကိုယ်ပိုင်အသေးစား၊ အငယ်စား၊ အလတ်စား (MSME)လုပ်ငန်းများ ထူထောင်နိုင်ကာ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှဝင်ငွေရရှိစေရန်နှင့် ဝန်ထမ်းမိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရေးဆောင်ရွက်



**နေပြည်တော် မတ် ၁၃**

လူသုံးကုန်ပစ္စည်းများထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းကတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပရာ အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများ၊ အမှုထမ်းများ၊ သင်တန်းကြီးကြပ်သူ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

**ရည်ရွယ်ဖွင့်လှစ်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဤသင်တန်းကို မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့် နည်းပညာများကို သင်ယူတတ်မြောက်စေရန်၊ နည်းပညာများကို နားလည်တတ်မြောက်ပြီး ကိုယ်ပိုင်အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများကို ထူထောင်နိုင်ကာ မိသားစုစားဝတ်နေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်နှင့် ဝန်ထမ်းမိသားစုများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ပြီး ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းတွင် နေ့စဉ်လူအများ မရှိမဖြစ်သုံးစွဲလျက်ရှိသော လူသုံးကုန်ပစ္စည်းများဖြစ်သည့် ဘက်စုံသုံးဆပ်ပြာရည်၊ အဝတ်လျှော်ဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊ ဆပ်ပြာခဲအမျိုးမျိုး၊ သဘာဝခေါင်းလျှော်ရည်၊ ဆပ်ပြာကရင်မ်နှင့် လက်သန့်ဆေးရည်တို့ကို ထုတ်လုပ်သည့် နည်းပညာများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြများက မေတ္တာ၊ စေတနာ၊ ဝါသနာကို အရင်းခံပြီး ငါးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်နန်းလောဝ်ဟွမ်က သင်တန်းဖွင့်လှစ်မှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

သင်တန်းကို မတ် ၁၇ ရက်အထိ ငါးရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၀ တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်- မန္တလေးအမြန်လမ်း(ရန်ကုန်- နေပြည်တော်)လမ်းပိုင်းရှိ တိုးလ်ဂိတ်များအလိုက် ယာဉ်ဖြတ်သန်းသွားလာမှု၊ Charging Station များ ဆောက်လုပ်နေမှုနှင့် လမ်း၊ တံတားပြင်ဆင်ထိန်းသိမ်းမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁၃**

လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲ/အသုံးပြုရေးနှင့် အခြေခံအဆောက်အအုံများ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဝင်းဖေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဗိုလ်ဌေးနှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် Charging Station များ ဆောက်လုပ်နေသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့်အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၃)လမ်းမကြီး မိုင်တိုင်(၀/၀) မှ (၉/၂)အထိ လမ်းနယ်နိမိတ်သတ်မှတ်ချက်အတိုင်း လမ်းဘေးဝဲ/ယာ ဥပစာလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် မိုင်တိုင်(၃/၅)မှ မိုင်တိုင် (၆/၅)ထိ ၇၄ ပေအကျယ် ကွန်ကရစ်လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ခုတ်မီးတိုင်များ၊ သစ်ပင်ဆိုင်းဘုတ်များကို လမ်းနယ်နိမိတ် သတ်မှတ်ချက်အတွင်းမရှိစေရေး ဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင် (၃၂/၀) လသာကုန်း UnderPass မှတစ်ဆင့် ပဲခူးမြို့သို့ဝင်ရောက်သည့် ပဲခူးမြို့ရှောင်လမ်းဖောက်လုပ်ရာနေရာ၊ မိုင်တိုင် (၆၈/၃)နှင့် (၆၈/၄)ကြားရှိ ပေ ၄၂၀ အရှည်ရှိသည့် မရမ်းချောင်းတံတားနှင့် မိုင်တိုင်(၇၅/၇)နှင့် (၇၆/၀)ကြားရှိ ပေ ၄၅၀ အရှည် ကျန်ချောင်းတံတား နေရာများသို့ရောက်ရှိပြီး တံတားကြံ့ခိုင်မှု၊ ရေလယ်တိုင်၊ မြေထိန်းနံရံနှင့် လမ်းလယ်ကျွန်း ရေစီးမြောင်းပြင်ဆင်နေမှုနှင့် တံတားဆေးသုတ်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်(၁၁၅/၀)ရှိ ဖြူးတိုးလ်ဂိတ်သို့ ရောက်ရှိပြီး တိုးလ်ဂိတ်အဆောက်အအုံရုံးဆောက်လုပ်မည့်မြေနေရာ၊ ယာဉ်ဖြတ်သန်းသွားလာမှု၊ ကွန်ပျူတာစနစ်ကောင်းမွန်မှု ရှိ၊ မရှိနှင့် ဝန်ထမ်းအိမ်ရာများ၊ ၁၁၅ မိုင်ရှိ UnderPass ပြင်ဆင်နေမှုနှင့် ဖြူးယာဉ်ရပ်နားစခန်းတွင် Charging Station ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်(၂၀၁/၀)ရှိ နေပြည်တော် ယာဉ်ရပ်နားစခန်း၌ Charging Station တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင် (၂၀၄/၀) မှတစ်ဆင့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အဝင်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေရှည်အကျိုးကို ရည်မျှော်ကိုး၍ ပြဋ္ဌာန်းခဲ့သည့်ဥပဒေ

**မောင်လွင်**

နိုင်ငံတစ်နိုင်ငံအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာများအား စနစ်တကျဆောင်ရွက်နိုင်ရန်၊ ပြည်သူများ၏ဆန္ဒဖြင့် မှန်ကန်စွာရွေးချယ်တင်မြှောက်ထားသော အစိုးရတစ်ရပ်ပေါ်ထွန်းလာရန် လွတ်လပ်မျှတပြီး ဒီမိုကရေစီစံနှုန်းနှင့်အညီ ပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင်ပါဝင်သည့် နောက်ဆုံးအချက်ဖြစ်သော "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်" ဆိုသည့်အတိုင်း ရွေးကောက်ပွဲအတွက် လိုအပ်သည့် ကြိုတင်ဆောင်ရွက်ရန်ရှိသည်များကို ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများအနက် ၂၃-၁-၂၀၂၃ ရက်နေ့က ကျင်းပပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၃)တွင် နိုင်ငံတော်အကြီးအကဲက "ယခင်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့် အခြေအနေကို သုံးသပ်ကြည့်ပါက မိမိတို့နိုင်ငံ၌ နိုင်ငံရေးပါတီများပြားနေပြီး ပါတီအလိုက် ပြည်သူကိုကိုယ်စားပြုနိုင်မှုမှာ အားနည်းနေသည်ကို တွေ့နိုင်ပါကြောင်း၊ ဖြစ်သင့်သည်မှာ နိုင်ငံရေးပါတီများတွင် မိမိကိုထောက်ခံသည့် ပြည်သူများကို စုစုစည်းစည်း အင်အားရှိရှိဖြင့် ကိုယ်စားပြုနိုင်ရန်လိုအပ်ကြောင်း၊ ပြည်သူတို့၏ စုပေါင်းစွမ်းအားဖြင့် နိုင်ငံကို ဦးဆောင်ရန်လိုအပ်ပါကြောင်း၊ ယခင် ဗဟိုဦးစီးစနစ်၊ တစ်ပါတီစနစ်များ ကျင့်သုံးခဲ့ရာမှ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်လျှောက်လှမ်းခဲ့ရာတွင် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲဆောင်ရွက်ရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆောင်ရွက်ရာ၌ ပါတီစုံဒီမိုကရေစီစနစ်အမြန်ဖြစ်ထွန်းနိုင်ရေးအတွက် နိုင်ငံရေးပါတီများဖွဲ့စည်းခြင်းကို လျှော့ပေါ့ပေးခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင်လည်း နိုင်ငံသူ၊ နိုင်ငံသားအားလုံး ဒီမိုကရေစီအတွေ့အကြုံကို ပိုမိုရရှိစေရန်အတွက် ပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် ပတ်သက်၍ လျှော့ပေါ့ဆောင်ရွက်ခဲ့ကြကြောင်း၊ သို့ဖြစ်၍ ယခင်ရွေးကောက်ပွဲအတွေ့အကြုံများအရ နိုင်ငံရေးပါတီ အများအပြားရှိသော်လည်း လွှတ်တော်၌ ပါဝင်ခွင့်ရသည့်ပါတီမှာ နည်းပါးသည်ကိုတွေ့ရကြောင်း၊ နိုင်ငံရေးပါတီများပြားပြီး ပါတီဝင်များ အစုအဖွဲ့အနေဖြင့်သာ လုပ်ဆောင်နိုင်သည့်အတွက် ဧရိယာအားဖြင့်၊ အရေအတွက်အားဖြင့်၊ နယ်ပယ်အားဖြင့် ကြီးမားကျယ်ပြန့်စွာ စုစည်းနိုင်မှုမရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ပါတီများအားလုံး ယခုထက်ပိုမို၍ ကျစ်လျစ်ခိုင်မာစွာ၊ စည်းစနစ်ကျစွာနှင့် ထုထည်ဖြင့် ဖွဲ့စည်းနိုင်ရန်လိုအပ်သောကြောင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြန်လည်သုံးသပ်ခြင်းများဆောင်ရွက်ပြီး ပြင်ဆင်သင့်သည်များကို ပြင်ဆင်ပြဋ္ဌာန်းရန် လိုအပ်ကြောင်း" လမ်းညွှန်ခဲ့သည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၆-၁-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ထိုဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် လိုအပ်သော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို ၃၁-၁-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

အဓိကအားဖြင့် အသစ်ပြဋ္ဌာန်းသည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေတွင် ပြင်ဆင်ချက် (၃) ခုနှင့် ဖြည့်စွက်ချက်(၂) ခု၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများတွင် ပြင်ဆင်ချက် (၃) ခုကို တွေ့ရှိရသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၏ ပြင်ဆင်ချက် (၃) ခုအနေဖြင့် **နိုင်ငံရေးပါတီတည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်း** အခန်း (၂) **ပုဒ်မ ၅ (စ)**တွင် "ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကို စည်းရုံးမည်ဖြစ်ကြောင်းဝန်ခံချက် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ပါတီဝင်ဦးရေအနည်းဆုံး ၁၀၀၀ ကို စည်းရုံးရမည်ဖြစ်ကြောင်းဝန်ခံချက်" ဟူ၍လည်းကောင်း၊ **ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်း** အခန်း (၃) **ပုဒ်မ ၁၂ (က) (၁)** တွင် "ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် (တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) မဲဆန္ဒနယ်အားလုံး၏ထက်ဝက်တွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း" ဟူ၍လည်းကောင်း၊ **ပုဒ်မ ၁၂(က)(၂)**တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက အထွေထွေရွေးကောက်ပွဲ၌ မိမိစည်းရုံးရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ (တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင်) အနည်းဆုံး မဲဆန္ဒနယ်တစ်နယ်တွင် မိမိပါတီက ဝင်ရောက်ယှဉ်ပြိုင်မှုမပြုနိုင်ခြင်း" ဟူ၍လည်းကောင်း ပြင်ဆင်ထားရှိပါသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၏ ဖြည့်စွက်ချက် (၂) ခုအနေဖြင့် **နိုင်ငံရေးပါတီ တည်ထောင်ခြင်းနှင့်မှတ်ပုံတင်ခြင်း** အခန်း (၂) **ပုဒ်မ ၅ (ဆ)**တွင် "ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့် ပါတီဖြစ်ပါက ပါတီရန်ပုံငွေ ကျပ်သိန်း ၁၀၀ ကိုလည်းကောင်း မြန်မာ့စီးပွားရေးဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်ပြီးကြောင်း အထောက်အထား" ဟူ၍လည်းကောင်း၊ **ပုဒ်မ ၅ (ဇ)**တွင် "ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စုတစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံးထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း ဝန်ခံချက် သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၁၈၀ အတွင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ငါးမြို့နယ်၌ ပါတီရုံးခန်းဖွင့်လှစ်မည်ဖြစ်ကြောင်းဝန်ခံချက်" ဟူ၍လည်းကောင်း ဖြည့်စွက်ထားရှိပါသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများတွင် ပြင်ဆင်ချက်(၃)ခုအနေဖြင့် **နိုင်ငံရေးပါတီတည်ထောင်ခြင်း** အခန်း (၂) **နည်းဥပဒေ ၇ နည်းဥပဒေခွဲ (ခ)** တွင် "မှတ်ပုံတင်ကြေး ငွေကျပ် ၁၀ သိန်းကို ကော်မရှင်က သတ်မှတ်သည့် နည်းလမ်းများအတိုင်း ပေးသွင်းရမည်" ဟူ၍လည်းကောင်း၊ **နည်းဥပဒေ ၁၃ နည်းဥပဒေခွဲ (က)** တွင် "နည်းဥပဒေ ၁၂ နည်းဥပဒေခွဲ (က) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရရှိသောပါတီသည် မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း ဥပဒေပုဒ်မ ၅ ပုဒ်မခွဲ (စ) ပါအတိုင်း ပြည်ထောင်စုတစ်ဝန်းလုံးတွင် စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀၀၀ ကိုလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံး ၁၀၀၀ ကိုလည်းကောင်း ပြည့်မီအောင် စည်းရုံးရမည်ဖြစ်ပြီး မိမိတို့စည်းရုံးရရှိထားသည့် သတ်မှတ်ပါတီဝင်ဦးရေ ပြည့်မီသောအင်အားစာရင်းကို မြို့နယ်အလိုက်စုစည်း၍ ပုံစံ(ဇ) နှစ်စုံပြုစုပြီး ကော်မရှင်နှင့် သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်" ဟူ၍လည်းကောင်း၊ **ပါတီရန်ပုံငွေ၊ ငွေကြေး၊ ပစ္စည်းများ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်း** အခန်း (၄) **နည်းဥပဒေ** ၂၁ တွင် "ပါတီတစ်ခုသည် အထွေထွေရွေးကောက်ပွဲ၌ဖြစ်စေ၊ ကြားဖြတ်ရွေးကောက်ပွဲ၌ဖြစ်စေ ရွေးကောက်ပွဲအသုံးစရိတ်ငွေကို မိမိပါတီကိုကိုယ်စားပြု၍ ရွေးကောက်ခံသော ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ငွေကျပ်သိန်း ၁၅၀ အထိလည်းကောင်း၊ တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးစီအတွက် ငွေကျပ်သိန်း ၃၀၀ အထိလည်းကောင်း သုံးစွဲနိုင်သည်" ဟူ၍လည်းကောင်း ပြင်ဆင်ထားသည်ကို တွေ့ရှိရသည်။

အဆိုပါ ပြင်ဆင်ပြဋ္ဌာန်းချက်များအား လေ့လာကြည့်ပါက အကြမ်းဖျင်းအနေဖြင့် အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်သည်-

(က) ပါတီများအနေဖြင့် မိမိကိုထောက်ခံသည့် ပြည်သူများကို စုစုစည်းစည်း အင်အားရှိရှိဖြင့် ကိုယ်စားပြုနိုင်ရန်အတွက် **စည်းရုံးရမည့် ပါတီဝင်ဦးရေအနည်းဆုံး သတ်မှတ်ချက်အား** တိုးမြှင့်ထားခြင်း၊

(ခ) ပါတီများအနေဖြင့် ဧရိယာကြီးမားကျယ်ပြန့်စွာ စုစည်းနိုင်ပြီး ကျစ်လျစ်ခိုင်မာစွာဖြင့် ဖွဲ့စည်းလုပ်ဆောင်နိုင်စေရန်အတွက် **ပါတီရန်ပုံငွေနှင့် ပါတီရုံးခန်းဖွင့်လှစ်ရမည့် သတ်မှတ်ချက်**များကို တိကျစွာသတ်မှတ်ပေးခြင်း၊

(ဂ) ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် **လွှတ်တော်ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲအသုံးစရိတ်သတ်မှတ်ချက်**များကို ဥပဒေနှင့်အညီ လုံလောက်စွာ အသုံးပြုနိုင်စေရေးအတွက် ခေတ်စနစ်နှင့်လျော်ညီသည့် ပမာဏဖြစ်စေရေး တိုးမြှင့်သတ်မှတ်ပေးခြင်း၊

(ဃ) ပြောင်းလဲကျင့်သုံးမည့် အချိုးကျကိုယ်စားပြု (Proportional Representation) စနစ်အရ မဲဆန္ဒနယ်ကို ဧရိယာကျယ်ပြန့်စွာသတ်မှတ်၍ ဆောင်ရွက်ရမည်ဖြစ်သည်။ PR စနစ်အရ လွှတ်တော်ကိုယ်စားလှယ်နေရာ အချိုးကျရရှိမည်ဖြစ်ပြီး သက်ဆိုင်ရာလွှတ်တော်များတွင် အားလုံးပါဝင်သော ကိုယ်စားပြုမှုကိုဖြစ်ပေါ်စေရန်အတွက် **ဝင်ရောက်ယှဉ်ပြိုင်ရမည့် မဲဆန္ဒနယ်သတ်မှတ်ချက်**များကို သတ်မှတ်ပေးထားသည်။ ထို့ပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ စည်းရုံးမည့်ပါတီဖြစ်ပါက တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အပါအဝင် အနည်းဆုံးမဲဆန္ဒနယ်တစ်နယ်တွင် ယှဉ်ပြိုင်၍လည်းရသည့် အခွင့်အလမ်းကိုလည်း ခွင့်ပြုထားရှိပါသည်။

(င) ပြဋ္ဌာန်းသည့် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများတွင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီများကို အင်အားတောင့်တင်းသော ပါတီများပေါ်ပေါက်လာစေရေး ပြဋ္ဌာန်းချက်သည် ကန့်သတ်ချက်များရှိသည်ဟု ဆိုနိုင်သော်လည်း ပြည်ထောင်စုတစ်ဝန်းလုံး ယှဉ်ပြိုင်မည့်ပါတီအနေဖြင့် အင်အားတောင့်တင်းခိုင်မာနေမှသာ နိုင်ငံတော်အတွက် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် အင်အားတောင့်တင်းသော အစိုးရနှင့် ဥပဒေပြုရေးလွှတ်တော် ပေါ်ပေါက်လာမည်ဖြစ်ပေသည်။

> **"ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးရမည့် ပါတီကြီးများအနေဖြင့် အနည်းငယ်ကန့်သတ်မှုများရှိသော်လည်း မိမိကိုထောက်ခံမည့် ပြည်သူ ၁၀၀၀၀၀ အမှန်တကယ်ရှိပါက ပါတီဝင်ကြေးအဖြစ် လက်ဖက်ရည်တစ်ခွက်ဖိုးမျှသာရှိသော တစ်ဦးလျှင် ၁၀၀၀ ကျပ်နှုန်း ကောက်ခံရုံဖြင့် သိန်း ၁၀၀၀ ရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲဝင်ရောက်မည့်အသုံးစရိတ်များကိုလည်း တစ်ဦးနှုန်းသက်သာစွာဖြင့် ကောက်ခံဝင်ရောက်နိုင်သည့် အားသာချက်များရှိ**
>
> **နိုင်ငံရေးပါတီငယ်များအနေဖြင့် ပါတီခွဲများအဖြစ် ပြင်ဆင်ဖွဲ့စည်း၍ ယှဉ်ပြိုင်လိုသော တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း၊ ပြောင်းလဲကျင့်သုံးမည့် PR စနစ်အရ အချိုးကျ လွှတ်တော်ကိုယ်စားလှယ်နေရာရရှိနိုင်ခြင်း စသည့်အခွင့်အလမ်းများရရှိလာမည်"**

**စာမျက်နှာ ၇ သို့** ✤

✤ စာမျက်နှာ ၆ မှ

(စ) ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီများအနေဖြင့် ရွေးကောက်ပွဲဝင်ခြင်း၊ ပါတီရုံးခန်းဖွင့်ခြင်း၊ ပါတီရန်ပုံငွေ တင်ပြချက်များ စသည်ဖြင့် ကန့်သတ်မှုများရှိသော်လည်း တိုင်းဒေသကြီး/ ပြည်နယ် စည်းရုံးမည့်ပါတီများ၊ တိုင်းရင်းသားလူမျိုးစုပါတီများအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အတွင်း အင်နှင့်အားနှင့် စည်းရုံးနိုင်ရေးအတွက် များစွာလျှော့ပေါ့ထားကြောင်း တွေ့ရှိရသည်။ လာမည့် ရွေးကောက်ပွဲတွင် နိုင်ငံရေးပါတီများ သဘောတူညီချက်အရ အချိုးကျကိုယ်စားပြုစနစ် (PR System) ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခု စည်းရုံးမည့်ပါတီအနေဖြင့် အနည်းဆုံး မဲဆန္ဒနယ်တစ်နယ် ယှဉ်ပြိုင်ရမည်ဖြစ်၍ တိုင်းရင်းသားလူမျိုးလွှတ်တော် ရွေးကောက်ပွဲနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသအတွက် ပါဝင်ယှဉ်ပြိုင်ပါလျှင် ကိုယ်စားလှယ်လောင်းတစ်ဦးသာ ယှဉ်ပြိုင်ခြင်းဖြင့်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁ ၊ ပုဒ်မခွဲ (က) အရ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အတွက် မဲဆန္ဒနယ်တစ်နယ်တွင် ယှဉ်ပြိုင်ပါလျှင် ကိုယ်စားလှယ်လောင်းနှစ်ဦးသာ ယှဉ်ပြိုင်ပြီး ပါတီရပ်တည်နေနိုင်ခွင့် ရှိမည်ဖြစ်သည်။ ယင်းအပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ပေးသည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်အတွက် တိုင်းဒေသကြီး/ ပြည်နယ်တွင်းရှိ မဲဆန္ဒနယ်များတွင်လည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရှိနေမည်ဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်တွင် အင်ပြည့်အားပြည့် ပါဝင်ယှဉ်ပြိုင်ရွေးချယ်ခံနိုင်ပြီး ယင်းလွှတ်တော်ဥပဒေပြုရေးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွင် အုပ်ချုပ်ရေးပိုင်းတာဝန်များကို ထမ်းဆောင်ခွင့်ရှိမည်ဖြစ်ပေသည်။ ယင်းအပြင် မိမိတို့ ပါတီစည်းရုံးမှုနှင့် တိုင်းရင်းသားပြည်သူတို့၏ ထောက်ခံမှုအပေါ်မူတည်၍ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအဖြစ် ရွေးချယ်ခံရနိုင်ပြီး ပြည်ထောင်စုဥပဒေပြုရေးကဏ္ဍတွင် ပါဝင်ခွင့်ရရှိနိုင်မည်ဖြစ်သည်။

(ဆ) ပြဋ္ဌာန်းဥပဒေ၊ နည်းဥပဒေအရ သုံးသပ်ရပါလျှင် ပါတီငယ်များအနေဖြင့် မိမိပါဝင်ယှဉ်ပြိုင်လိုသော တိုင်းဒေသကြီး/ ပြည်နယ် သုံး၊ လေးခုရှိပါလျှင် ပြည်ထောင်စုတစ်ဝန်းလုံး စည်းရုံးမည့်ပါတီအဖြစ် မှတ်ပုံတင်ရမည်ဖြစ်သည်။ ပါတီဝင်ဦးရေ၊ ယှဉ်ပြိုင်ရမည့်မဲဆန္ဒနယ်၊ ရုံးခန်းဖွင့်ရန်မြို့နယ်၊ ပါတီရန်ပုံငွေဖော်ပြရန် အခက်အခဲရှိသော ပါတီများအနေဖြင့် ပါတီခွဲများဖွဲ့စည်း၍ မိမိယှဉ်ပြိုင်လိုသော တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပါတီခွဲများ မှတ်ပုံတင်ရမည်ဖြစ်သည်။ ဥပမာ တိုင်းဒေသကြီး/ ပြည်နယ် ငါးခု၌ ပါဝင်လိုသော ပါတီအနေဖြင့် ပါတီခွဲ ငါးခုဖွဲ့စည်း၍ ပါဝင်ယှဉ်ပြိုင်လိုသော တိုင်းဒေသကြီး/ ပြည်နယ်အလိုက် မှတ်ပုံတင်ရမည်ဖြစ်ပေသည်။ နှိုင်းယှဉ်ချက်အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် ငါးခုတွင် မှတ်ပုံတင်မည့်ပါတီနှင့် ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးမည့်ပါတီ နှိုင်းယှဉ်ချက်မှာ –

| စဉ် | ပါတီ | ပါတီဝင်အင်အား | ယှဉ်ပြိုင်ရမည့် မဲဆန္ဒနယ် | ပါတီရုံးခန်း ဖွင့်ရမည့်မြို့ | ပါတီရန်ပုံငွေ |
|---|---|---|---|---|---|
| ၁ | ပြည်ထောင်စုတစ်ဝန်းလုံး | ၁၀၀၀၀၀ | တစ်ဝက် | ၁၆၅ မြို့ | သိန်း ၁၀၀၀ |
| ၂ | တိုင်းဒေသကြီး/ ပြည်နယ် ၅ ခုပါတီခွဲအဖြစ် | ၅၀၀၀ | ၅ နယ် | ၂၅ မြို့ | သိန်း ၅၀၀ |

အနေဖြင့် ပါတီခွဲများအဖြစ် ပြင်ဆင်ဖွဲ့စည်း၍ ယှဉ်ပြိုင်လိုသော တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်း၊ ပြောင်းလဲကျင့်သုံးမည့် PR စနစ်အရအချိုးကျလွှတ်တော်ကိုယ်စားလှယ်နေရာရရှိနိုင်ခြင်း စသည့်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်သည်။ ထို့ကြောင့် ပါတီစုံဒီမိုကရေစီစနစ်ကို ပီပြင်စွာဖော်ဆောင်ပြီး ဥပဒေပြုရေးအပိုင်းတွင် သက်ဆိုင်ရာလွှတ်တော်များနှင့် အုပ်ချုပ်ရေးပိုင်း အစိုးရအဖွဲ့များတွင် **“နိုင်ငံရေးပါတီအများစုမှ ကိုယ်စားလှယ်များ ပါဝင်လာနိုင်ရေး”** အခွင့်အလမ်းများ ဖော်ဆောင်ပေးထားကြောင်း တွေ့ရှိရသည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများ၏ ပြင်ဆင်ဖြည့်စွက်ချက်များအပေါ် ခြုံငုံသုံးသပ်ကြည့်ပါက နိုင်ငံရေးပါတီများအနေဖြင့် ယခုထက် ပိုမိုကျစ်လျစ်ခိုင်မာပြီး မဲဆန္ဒရှင်အများစု၏ စုစည်းအင်အားကို ကိုယ်စားပြုပြီး နိုင်ငံတော်အကျိုးသယ်ပိုးနိုင်စေရန် ရည်ရွယ်၍ ပြင်ဆင်ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ပြည်ထောင်စုတစ်ဝန်းလုံးစည်းရုံးရမည့် ပါတီကြီးများအနေဖြင့် အနည်းငယ်ကန့်သတ်မှုများရှိသော်လည်း မိမိကိုထောက်ခံမည့် ပြည်သူ ၁၀၀၀၀၀ အမှန်တကယ်ရှိပါက ပါတီဝင်ကြေးအဖြစ် လက်ဖက်ရည်တစ်ခွက်ဖိုးမျှသာရှိသော တစ်ဦးလျှင် ၁၀၀၀ ကျပ်နှုန်း ကောက်ခံရုံဖြင့် သိန်း ၁၀၀၀ ရရှိမည်ဖြစ်ပြီး ရွေးကောက်ပွဲဝင်ရောက်မည့် အသုံးစရိတ်များကိုလည်း တစ်ဦးနှုန်းသက်သာစွာဖြင့် ကောက်ခံဝင်ရောက်နိုင်သည့် အားသာချက်များရှိသည်။ နိုင်ငံရေးပါတီငယ်များ

သို့ဖြစ်ပါ၍ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မည့် ပါတီများ၊ နိုင်ငံရေးပါတီအဖြစ် အသစ်တည်ထောင်ခြင်းနှင့် မှတ်ပုံတင်ခြင်းဆောင်ရွက်မည့် အစုအဖွဲ့များအနေဖြင့် စေတနာအမှန်ဖြင့် နိုင်ငံတော်၏ရေရှည်အကျိုးကိုရည်ရွယ်၍ အသစ်ပြဋ္ဌာန်းထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများနှင့်အညီ နိုင်ငံအကျိုးကို သယ်ပိုးနိုင်စေရန်ဆန္ဒဖြင့် ရည်ရွယ်တင်ပြအပ်ပါသည်။ ။

## စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၂၃) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် မတ် ၁၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန လူငယ်ရေးရာဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်း အမှတ်စဉ် (၁/၂၀၂၃) ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် စစ်မှုထမ်းဟောင်းကြီးကြပ်မှုအဖွဲ့ရုံး၌ ကျင်းပသည်။

### တိုက်တွန်းပြောကြား

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာစိုးဝင်းက လူငယ်များ၏ စားဝတ်နေရေး ချောင်လည်စေရန်နှင့် တစ်နိုင်တစ်ပိုင် အိမ်တွင်းစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်း နည်းပညာပေးသင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ဆောင်ရွက်ပေးခြင်းကြောင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာပြီး လုပ်ငန်းစတင်လုပ်ကိုင်လိုသူများ ပေါ်ထွက်လာစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် တစ်ဦးချင်းစွမ်းဆောင်ရည်ရှိပြီး မိမိတတ်ကျွမ်းသည့် အတတ်ပညာများကို တစ်ပါးသူအား ပြန်လည်မျှဝေနိုင်စေရန်အတွက် ကြိုးစားသင်ယူသွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

အဆိုပါ စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာပေးသင်တန်းအမှတ်စဉ်(၁/၂၀၂၃)ကို မတ် ၁၇ ရက်အထိ နေပြည်တော်ပုဗ္ဗသီရိမြို့နယ်ရှိစစ်မှုထမ်းဟောင်းကြီးကြပ်မှုအဖွဲ့ရုံး၌ သင်တန်းသား သင်တန်းသူ ၃၂ ဦးအား အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြ ဦးစီးအရာရှိ ဒေါ်စုလှိုင်မြင့်နှင့် ဒုတိယဦးစီးမှူး ဒေါ်ရီရီဝင်းတို့က ဆပ်ပြာရည်၊ ဆပ်ပြာခဲ၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေးရည်၊ သစ်သီးယိုအမျိုးမျိုး ပြုလုပ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**



မတ် ၁၃ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့ အထက(၁)တွင် စာမေးပွဲ ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအား ယာဉ်ထိန်းရဲတပ်ဖွဲ့စု အမှတ်(၅၅)မှ ခေတ္တတပ်စုမှူးက စာရေးကိရိယာများ လှူဒါန်းစဉ်။ **ကြေးမုံ**

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

✱ ရှေ့ဖုံးမှ

RP 2 တိုင်များ၏ RC Bored Pile လုပ်ငန်းများဆောင်ရွက် ပြီးစီးနေပြီဖြစ်ပြီး တံတားတစ်စင်းလုံး တည်ဆောက်မှု ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ သံလွင်တံတား (တာဆန်း) မှာ အရှည် ၂၆၆ ဒသမ ၈၆၁ မီတာရှိပြီး ပင်မ တံတား အရှည် မီတာ ၂၀၀ ရှိသည်။ Steel Truss Bridge + RC Bridge တံတားအမျိုးအစားဖြစ်၍ တံတားအောက်ခံအုတ်မြစ်များကို အချင်း ၁ ဒသမ ၅ မီတာရှိသည့် RC Bored Pile ဖြင့် တည်ဆောက်ထားသည်။ တံတားအောက်ထည်မှာ RC အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ Steel Truss + RC ဖြစ်သည်။ မိုင်းပန်ဘက်ကမ်းရှိ ချဉ်းကပ်တံတားအရှည်မှာ ၁၁ မီတာရှိကာ မိုင်းတုံဘက်ကမ်းရှိ ချဉ်းကပ်တံတားအရှည်မှာ ၅၄ ဒသမ ၈၆၁ မီတာရှိသည်။ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် တစ်မီတာစီ ပါဝင်မည်ဖြစ်၍ ရေလမ်းကင်းလွတ်အကျယ် ၈၅ ဒသမ ၆ မီတာနှင့် ရေလမ်းကင်းလွတ်အမြင့် ၁၀ ဒသမ ၅ မီတာရှိမည်ဖြစ်ကာ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

မူလ ဘေလီကြိုးတံတားဟောင်းမှာ သက်တမ်းကြာမြင့်လာပြီဖြစ်ရာ တံတားခံနိုင်ဝန်အား လျော့နည်းလာသောကြောင့် တံတားပေါ်မှတစ်ဆင့် ဖြတ်သန်းမောင်းနှင်ကြသည့် ယာဉ်များ၏ Weight Limit ကို ၁၆ တန်သာခွင့်ပြုနိုင်တော့သဖြင့် ကုန်တင်ယာဉ်များမှာ သတ်မှတ်ကုန်ချိန်များကို ယာဉ်ငယ်များဖြင့်သာ ကုန်တင်၊ ကုန်ချ ပြုလုပ်နေကြရသည်။

အဆိုပါ သံလွင်တံတား (တာဆန်း) တည်ဆောက်ရေး စီမံကိန်း ကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်း–ပွင့်သစ္စာ**
**ဓာတ်ပုံ–စိုးမြင့်အောင်**

■

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ်ဖြေဆိုနေမှုနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် စာမေးပွဲဖြေဆိုနေမှု လှည့်လည်ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့သွားရောက်၍ကျောင်းသား ကျောင်းသူများ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ် အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာတက္ကသိုလ်သို့ သွားရောက်၍ တက္ကသိုလ်၌ ကျင်းပနေသည့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်နှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နေ့သင်တန်းစာမေးပွဲ ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး တက္ကသိုလ် သုတေသနဌာန သုံးထပ်ဆောင် အဆောက်အအုံ





တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယခု ကျင်းပသည့် မိတ္ထီလာတက္ကသိုလ်နေ့သင်တန်းစာမေးပွဲတွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၆၁၉၀ ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာပညာရေး ဒီဂရီကောလိပ်သို့ သွားရောက်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပထမနှစ်(ပထမနှစ်ဝက်)၊ ပထမနှစ် (ဒုတိယနှစ်ဝက်)၊ ဒုတိယနှစ်(ပထမနှစ်ဝက်) စာမေးပွဲဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမ ၇၅ ဦး၊ သင်တန်းသား သင်တန်းသူ ၆၇၈ ဦးတို့အတွက် နေ့လယ်စာနှင့် မုန့်အာဟာရ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အဆိုပါ ပညာရေးဒီဂရီကောလိပ်တွင် တည်ဆောက်နေဆဲ ပင်မသုံးထပ်စာသင်ဆောင်ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ်ကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်တွင်းစာစစ်ဌာန ၈၅၈ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ငါးခု စာစစ်ဌာန စုစုပေါင်း ၈၆၃ ခုတို့၌ စာမေးပွဲဖြေဆိုရန် စုစုပေါင်း ၁၃၅၅၉၂ ဦး စာရင်းပေးသွင်းကြပြီး ၁၂၂၅၆၈ ဦး ဝင်ရောက်ဖြေဆိုကြရာ ရာခိုင်နှုန်းအားဖြင့် ၉၀ ဒသမ ၃၉ ရာခိုင်နှုန်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့တွင် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၆၈ ဦးရှိ

**နေပြည်တော် မတ် ၁၃**

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ကို ယနေ့ ဆက်လက်ကျင်းပရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၆၈ ဦးရှိကြောင်း သိရသည်။

ယနေ့တွင် နိုင်ငံခြားစာစစ်ဌာန ငါးခုနှင့် ပြည်တွင်း၌ စာစစ်ဌာန ၈၃၈ ခု စာစစ်ဌာန စုစုပေါင်း ၈၄၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၃၅၅၉၂ ဦးရှိပြီး စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၂၅၆၈ ဦးရှိကာ ဖြေဆိုသူရာခိုင်နှုန်းအနေဖြင့် ၉၀ ဒသမ ၃၉ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

### အခြေခံပညာဦးစီးဌာန
### ၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်-ဓာတုဗေဒဘာသာရပ် ရက်စွဲ၊ ၁၃ - ၃ - ၂၀၂၃

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိဦးရေ | | | ဖြေဆိုသူဦးရေ | | | ပျက်ကွက်သူဦးရေ | | | ဖြေဆိုရာနှုန်း | ပျက်ကွက်ရာနှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | ကျောင်းဖြေ | ပြင်ပဖြေ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၅ | ၃၀ | ၈၃၀ | ၆၂၂၂ | ၇၀၅၂ | ၈၁၃ | ၅၇၂၂ | ၆၅၃၅ | ၁၇ | ၅၀၀ | ၅၁၇ | ၉၂.၆၇% | ၇.၃၃% | |
| ၂ | ကယား | ၃ | ၄ | ၄ | ၈၇ | ၄၉၅ | ၅၈၂ | ၈၇ | ၄၅၈ | ၅၄၅ | ၀ | ၃၇ | ၃၇ | ၉၃.၆၄% | ၆.၃၆% | |
| ၃ | ကရင် | ၆ | ၇ | ၁၃ | ၄၅၆ | ၁၈၂၉ | ၂၂၈၅ | ၄၂၃ | ၁၆၃၉ | ၂၀၆၂ | ၃၃ | ၁၉၀ | ၂၂၃ | ၉၀.၂၄% | ၉.၇၆% | |
| ၄ | ချင်း | ၆ | ၈ | ၁၃ | ၂၂၄ | ၁၂၂၃ | ၁၄၄၇ | ၂၀၃ | ၉၅၁ | ၁၁၅၄ | ၂၁ | ၂၇၂ | ၂၉၃ | ၇၉.၇၅% | ၂၀.၂၅% | |
| ၅ | စစ်ကိုင်း | ၁၄ | ၃၁ | ၅၀ | ၈၅၄ | ၅၆၉၀ | ၆၅၄၄ | ၈၀၂ | ၄၈၄၇ | ၅၆၄၉ | ၅၂ | ၈၄၃ | ၈၉၅ | ၈၆.၃၂% | ၁၃.၆၈% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၉ | ၉၇၄ | ၂၉၄၉ | ၃၉၂၃ | ၉၂၈ | ၂၆၅၀ | ၃၅၇၈ | ၄၆ | ၂၉၉ | ၃၄၅ | ၉၁.၂၁% | ၈.၇၉% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၂ | ၁၀၇၉ | ၅၁၃၆ | ၆၂၁၅ | ၁၀၃၉ | ၄၆၁၀ | ၅၆၄၉ | ၄၀ | ၅၂၆ | ၅၆၆ | ၉၀.၈၉% | ၉.၁၁% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၃ | ၈၇၃ | ၄၅၉၉ | ၅၄၇၂ | ၈၄၈ | ၄၁၇၆ | ၅၀၂၄ | ၂၅ | ၄၂၃ | ၄၄၈ | ၉၁.၈၁% | ၈.၁၉% | |
| ၉ | မကွေး | ၇ | ၂၄ | ၅၃ | ၆၆၁ | ၁၀၉၄၇ | ၁၁၆၀၈ | ၆၄၇ | ၉၉၄၈ | ၁၀၅၉၅ | ၁၄ | ၉၉၉ | ၁၀၁၃ | ၉၁.၂၇% | ၈.၇၃% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၉၇ | ၃၆၈၉ | ၁၈၀၄၆ | ၂၁၇၃၅ | ၃၅၉၂ | ၁၆၃၇၃ | ၁၉၉၆၅ | ၉၇ | ၁၆၇၃ | ၁၇၇၀ | ၉၁.၈၆% | ၈.၁၄% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၃ | ၁၂၉၉ | ၄၂၆၅ | ၅၅၆၄ | ၁၂၂၈ | ၃၉၃၂ | ၅၁၆၀ | ၇၁ | ၃၃၃ | ၄၀၄ | ၉၂.၇၄% | ၇.၂၆% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၅၆ | ၂၀၅ | ၁၂၁၆၈ | ၁၂၃၇၃ | ၁၉၈ | ၁၀၆၂၈ | ၁၀၈၂၆ | ၇ | ၁၅၄၀ | ၁၅၄၇ | ၈၇.၅၀% | ၁၂.၅၀% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၈၂ | ၁၇၉၇ | ၂၂၇၆၆ | ၂၄၅၆၃ | ၁၇၆၇ | ၂၀၀၃၂ | ၂၁၈၉၉ | ၃၀ | ၂၆၃၄ | ၂၆၆၄ | ၈၉.၁၅% | ၁၀.၈၅% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၅၆ | ၁၄၇၆ | ၅၈၁၃ | ၇၂၈၉ | ၁၄၄၀ | ၅၂၂၁ | ၆၆၆၁ | ၃၆ | ၅၉၂ | ၆၂၈ | ၉၁.၃၈% | ၈.၆၂% | |
| ၁၅ | ရှမ်း(မြောက်) | ၉ | ၁၇ | ၂၀ | ၈၉၈ | ၂၂၈၇ | ၃၁၈၅ | ၈၅၅ | ၂၀၆၀ | ၂၉၁၅ | ၄၃ | ၂၂၇ | ၂၇၀ | ၉၁.၅၂% | ၈.၄၈% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၁၃၅ | ၁၀၄၆ | ၁၁၈၁ | ၁၃၀ | ၉၂၂ | ၁၀၅၂ | ၅ | ၁၂၄ | ၁၂၉ | ၈၉.၀၈% | ၁၀.၉၂% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၁၉၆ | ၁၆၆၄ | ၇၄၇၈ | ၉၁၄၂ | ၁၆၀၈ | ၆၇၅၉ | ၈၃၆၇ | ၅၆ | ၇၁၉ | ၇၇၅ | ၉၁.၅၂% | ၈.၄၈% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၃၉ | ၂၀၂ | ၅၂၂၁ | ၅၄၂၃ | ၂၀၀ | ၄၇၂၃ | ၄၉၂၃ | ၂ | ၄၉၈ | ၅၀၀ | ၉၀.၇၈% | ၉.၂၂% | |
| ၁၉ | နိုင်ငံခြား | | | ၅ | | ၉ | ၉ | | ၉ | ၉ | | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ပြည်ထောင်စုချုပ် | | ၁၂၄ | ၃၀၉ | ၈၄၃ | ၁၇၄၀၃ | ၁၁၈၁၈၉ | ၁၃၅၅၉၂ | ၁၆၈၀၈ | ၁၀၅၇၆၀ | ၁၂၂၅၆၈ | ၅၉၅ | ၁၂၄၂၉ | ၁၃၀၂၄ | ၉၀.၃၉% | ၉.၆၁% | |

မှတ်ချက်။ - ဘာသာတွဲ (၈)တွဲ ရှိသည့်အနက် ဘာသာတွဲ (၁၊၅၊၆၊၇၊၈) ရှိ ကျောင်းသားများ ဖြေဆိုကြပါသည်။ ဘာသာတွဲ (၂၊၃၊၄) ဖြေဆိုသည့် ကျောင်းသားများ ရပ်နားပါသည်။

- စာမေးပွဲကျင်းပသည့် မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်အား အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေး

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် ကျောင်းသား ကျောင်းသူများ၏ တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ်အား အေးချမ်းစွာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကမာရွတ်မြို့နယ် အခြေခံပညာဦးစီးဌာန လေ့ကျင့်ရေး အထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၀၈ ဦး၏ ဓာတုဗေဒဘာသာရပ်ဖြေဆိုနေမှုကို လည်းကောင်း၊ စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနတွင် ကျောင်းသား ကျောင်းသူ ၂၀၅ ဦးတို့မှ ဓာတုဗေဒဘာသာရပ်အား အေးချမ်းစွာဖြေဆိုနေမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုသို့ အားပေးကြည့်ရှုရာ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်း၊ ကျောင်းအုပ်ကြီးများ၊ မြို့နယ်ပညာရေးမှူးများနှင့် သက်ဆိုင်ရာစာစစ်ဌာန ကြီးကြပ်ရေးမှူးများက စာစစ်ဌာနများအလိုက် ဆောင်ရွက်ထားရှိမှု၊ တက္ကသိုလ်ဝင်စာစစ်ဌာနများဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စာမေးပွဲကျင်းပစဉ် ကာလအတွင်း လိုအပ်သည်များနှင့်ထူးခြားဖြစ်စဉ်များ ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် စာစစ်ဌာန စုစုပေါင်း ၈၃ ခု၌ ဖြေဆိုသူဦးရေ စုစုပေါင်း ၂၃၈၀၇ ဦး ဝင်ရောက်ဖြေဆိုကြပြီး ၈၈ ဒသမ ၇၉ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာရပ် ဖြေဆိုနေမှု ကြည့်ရှုအားပေး

**မုံရွာ မတ် ၁၃**

စစ်ကိုင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့နယ်အတွင်းရှိ အလုံမြို့ အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနသို့ သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ ၂၀၂၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ် အေးချမ်းစွာ ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။



တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် မုံရွာမြို့နယ်အတွင်းရှိ အလုံမြို့ အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနသို့သွားရောက်၍ ကျောင်းသား ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲ စတုတ္ထနေ့ ဓာတုဗေဒဘာသာရပ် ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးရာ သက်ဆိုင်ရာ တာဝန်ရှိသူများက စာစစ်ဌာနများအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်ဝင် စာမေးပွဲကို ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲဖြေဆိုနိုင်ရေး၊ ဖြေဆိုမှုများအား စည်းကမ်းတကျရှိစေရေး၊ သွားလာမှုအဆင်ပြေစေရေး၊ ကျန်းမာရေး၊ လုံခြုံရေး ဆောင်ရွက်ပေးမှုဆိုင်ရာများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးနှင့် လိုအပ်သည်များကို မှာကြားသည်။

စစ်ကိုင်းတိုင်း ဒေသကြီး၌ ယနေ့စာစစ်ဌာန စုစုပေါင်း ၅၀ တွင် ဖြေဆိုရန် စုစုပေါင်း ၆၅၄၄ ဦး စာရင်းပေးသွင်းထားပြီး ဓာတုဗေဒဘာသာရပ်ကို ဖြေဆိုသူ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၆၄၉ ဦး ဝင်ရောက်ဖြေဆိုကြရာ ဖြေဆိုမှုရာခိုင်နှုန်းအားဖြင့် ၈၆ ဒသမ ၃၂ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလုံမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင်ဖွင့်လှစ်မည့် စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဆောက်လုပ်မှုအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ငူမြို့၌ အခြေခံအင်္ဂလိပ်စာနှင့် အခြေခံပန်းချီရေးဆွဲနည်းသင်တန်းများ ဖွင့်လှစ်

**တောင်ငူ မတ် ၁၃**

ကျောင်းသား ကျောင်းသူများနွေရာသီအားလပ်ချိန်များ၌ အချိန်ကိုအကျိုးရှိစွာ အသုံးချနိုင်စေရန်ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အခြေခံအင်္ဂလိပ်စာနှင့် အခြေခံပန်းချီ ရေးဆွဲနည်း (အခမဲ့) သင်တန်းများကို ယနေ့ မွန်းလွဲပိုင်းက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး အခြေခံအင်္ဂလိပ်စာ သင်တန်းတွင် ဆရာဦးသန့်ဇင် (Free Lancer Teacher) က Speaking၊ ဆရာဦးစောဂျရန်းက Grammar နှင့် Letter Writing တို့ကို သင်ကြားပေးသွားမည်ဖြစ်သည်။

ဆက်လက်၍ အခြေခံပန်းချီသင်တန်းတွင်ပန်းချီဆရာ ဦးစိုးမြင့်လေး (တောင်ငူ) က အခြေခံပန်းချီပညာရပ်များကို သင်ကြားပြသသွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းကို မတ် ၁၃ ရက်မှ ၂၄ ရက်အထိ (အခမဲ့) ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်၍ သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ၂၀၂၃ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2023) လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံလမ်းစဉ်တို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၃ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ခ ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

( ဂ ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊

( င ) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့်ဒိုင်အဖွဲ့ကို လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန်အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကို ဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိပါကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/nomination-form/ တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော်(သို့မဟုတ်) dgasean@gmail.com နှင့် amns.mofa@gmail.com ကို ၂၈-၄-၂၀၂၃ **ရက်နေ့ နောက်ဆုံးထား၍** လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါအာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးနည်းဥပဒေများ ထုတ်ပြန်

(ယမန်နေ့မှအဆက်)

ပုံစံ(ဂ)

**ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့်တာဝန်ခံများအဖြစ်**
**အမည်စာရင်းတင်သွင်းရေးအတွက် စံပြုပုံစံ**
**(နည်းဥပဒေ ၅)**

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သို့ ဆက်နွှယ်ပါဝင်သည့် အဖွဲ့အစည်းနှင့် တာဝန်ခံများအဖြစ် အမည်စာရင်းတင်သွင်းရာတွင် အောက်ဖော်ပြပါ တိကျခိုင်မာ၍ ဖော်ထုတ်ရရှိသည့် သတင်းအချက်အလက်များ ထောက်ပံ့ပေးရန်နှင့် ဖော်ထုတ်မရနိုင်သော သတင်းအချက်အလက်များကိုမူ ကွက်လပ်ဖြင့် ချန်လှပ်ထားနိုင်ပါသည်။

| အပိုင်း ၁ (က) ။ သတင်းအချက်အလက် သတ်မှတ်ဖော်ပြချက် | |
|---|---|
| အမည်အပြည့်အစုံ | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| အမည်အတိုကောက် (ရှိလျှင်) | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| အဖွဲ့အစည်းနှင့် တာဝန်ခံ ဆောင်ရွက်သူ အမျိုးအစား | ၁။ ကုမ္ပဏီ၊ အစုစပ်လုပ်ငန်း သို့မဟုတ် အခြားစီးပွားရေးအဖွဲ့အစည်း ( )<br>၂။ အကျိုးအမြတ်ရယူခြင်း မရှိသောအဖွဲ့အစည်း သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်း ( )<br>၃။ ယုံမှတ်အပ်နှံမှု အဖွဲ့အစည်း၊ ဖောင်ဒေးရှင်း၊ ရန်ပုံငွေ သို့မဟုတ် လှူဒါန်းထောက်ပံ့သည့်အဖွဲ့အစည်း ( )<br>၄။ အခြား( ) ဖော်ပြရန်။ |
| မှတ်ပုံတင် သတင်းအချက်အလက် | မှတ်ပုံတင်အမှတ် - |
| | မှတ်ပုံတင်ထုတ်ပေးသည့်အာဏာပိုင် - |
| | မှတ်ပုံတင်စီးပွားရေးလုပ်ငန်း/ ကုန်သွယ်မှုအမည်- |
| | မှတ်ပုံတင်ထားသည့် ပင်မလိပ်စာ |
| လိုင်စင် / သက်သေခံလက်မှတ် | လိုင်စင်အမျိုးအစား |
| | လိုင်စင်အမှတ် |
| | လိုင်စင်ထုတ်ပေးသည့်အာဏာပိုင် |
| | လိုင်စင် ထုတ်ပေးသည့်ရက်စွဲနှင့် ကုန်ဆုံးမည့် ရက်စွဲ |
| ဖွဲ့စည်းသည့် နေရာ/ အချိန် | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>ရက်၊ လ၊ နှစ်၊ |
| လှုပ်ရှားသည့် နယ်မြေများ | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>သတ်မှတ်ကာလ (ရက်၊ လ၊ နှစ်၊ ) |
| | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>သတ်မှတ်ကာလ (ရက်၊ လ၊ နှစ်၊ ) |
| | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>သတ်မှတ်ကာလ (ရက်၊ လ၊ နှစ်၊ ) |
| နေရပ်လိပ်စာ (ရှိလျှင်) | လက်ရှိ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)ရက်စွဲ၊ |
| | ယခင် (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ) ရက်စွဲ၊ |

| အပိုင်း ၁ (ခ)။ အခြားအမည်<br>(မရရှိနိုင်သော သတင်းအချက်အလက်များရှိပါက ကွက်လပ်ထားရှိရန်) | |
|---|---|
| အမည် | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| အမျိုးအစား | ( ) အမည်အပြောင်းအလဲ<br>( ) စာလုံးပေါင်းအပြောင်းအလဲ<br>( ) ယခင်သိရသည့်အချက်များ<br>( ) အခြား၊ ရှင်းလင်းချက်။ |
| အမည် အတိုကောက် (ရှိလျှင်) | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| အခြားအမည်နှင့် သက်ဆိုင်သော အခြားသတင်းအချက်အလက်များ | |

| အပိုင်း ၁ (ဂ)။ ပိုင်ရှင်များ၊ ဒါရိုက်တာများ၊ မန်နေဂျာများ နှင့် အရာရှိများ<br>(မရရှိနိုင်သော သတင်းအချက်အလက်များရှိပါက ကွက်လပ်ဖြင့် ထားရှိရန်) | |
|---|---|
| ပိုင်ရှင်များ၊ ဒါရိုက်တာများ၊ မန်နေဂျာများနှင့် အရာရှိများ | |
| အမည်အပြည့်အစုံ | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| မွေးဖွားမှုအချက်အလက် | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>ရက်၊ လ၊ နှစ်၊ |
| နိုင်ငံသား၊ နိုင်ငံသားဖြစ်မှု(ယခင်နှင့် ယခု ခွင့်ပြုခဲ့မှု၊ ရုပ်သိမ်းခဲ့မှု၊ ပယ်ဖျက်ခဲ့မှု၊ ထွက်ခွာခဲ့မှု ရက်စွဲများ(သိရှိလျှင်) | |
| နေထိုင်ခဲ့သောနိုင်ငံများ | |
| လိပ်စာ သို့မဟုတ် တည်နေရာ(ယခင်နှင့် ယခု) | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>ရက်စွဲ၊ (ရက်၊ လ၊ နှစ်၊ ) |
| သက်သေခံကတ်နှင့် ခရီးသွားခြင်းဆိုင်ရာ အထောက်အထားလက်မှတ်များ | (စာတမ်းအမှတ်အသားပါအတိုင်း နိုင်ငံသား၊ အမျိုးအစား၊ မည်သူက မည်သည့်နေ့ရက်တွင် မည်သည့်နေရာ၌ မည်သူကို ထုတ်ပေးသည်၊ မွေးဖွားသည့် နေရာနှင့် နေ့ရက် တို့ကို ဖော်ပြရန်) |
| ရုပ်ပိုင်းဆိုင်ရာ ဖော်ပြချက်များ | (ကျား/မ/လူမျိုးစု/တိုင်းရင်းသား/နောက်ခံအကြောင်းနှင့် အခြား အသေးစိတ်အချက်အလက်များ) |
| အခြားအမည်များ | အခြားအမည်များနှင့်စပ်လျဉ်း၍ ထပ်မံရရှိသော အခြားသတင်းအချက်အလက်များရှိပါက ဖော်ပြရန်။ |
| အခြားဆက်စပ်သတင်းအချက် အလက်များ | |

| အပိုင်း ၁ (ဃ)။ ဖွဲ့စည်းမှုဆိုင်ရာ ကွင်းဆက်များ၊ ပါဝင်/ ဆက်နွှယ်သည့် အုပ်စုများ၊ အဖွဲ့အစည်းများနှင့် တာဝန်ခံဆောင်ရွက်နေသည့် အဖွဲ့အစည်းများ<br>မိခင်အဖွဲ့အစည်းနှင့် လက်အောက်ခံအဖွဲ့အစည်းနှင့် အဖွဲ့ခွဲများ၊ ညီနောင်အဖွဲ့အစည်းများ အားလုံးကို ဖော်ပြရန်။ မရရှိနိုင်သော သတင်းအချက်အလက်များရှိပါက ကွက်လပ်ဖြင့် ထားရှိရန်။ | |
|---|---|
| ပါဝင်/ ဆက်နွှယ်သည့်အုပ်စုများ၊ အဖွဲ့အစည်းများနှင့် တာဝန်ခံဆောင်ရွက်နေသည့် အဖွဲ့အစည်းများ | |
| အမည်အပြည့်အစုံ | မြန်မာအမည် |
| | အင်္ဂလိပ်အမည် |
| | အခြားဘာသာဖြင့် (ရှိလျှင်) |
| ဖွဲ့စည်းသည့်နေရာ/ အချိန် | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>ရက်၊ လ၊ နှစ်၊ |
| လိပ်စာ သို့မဟုတ် တည်နေရာ | နေရာ (လမ်း၊ မြို့၊ ပြည်နယ်/ တိုင်း၊ နိုင်ငံ)<br>ရက်စွဲ (ရက်၊ လ၊ နှစ်၊ ) |
| ငွေကြေးဆိုင်ရာသတင်း အချက် အလက်များ | ပိုင်ဆိုင်မှု အဓိကထောက်ပံ့မှုရရှိနေသည့် အရင်းအမြစ်များ |
| အခြားအမည်များ | အခြားအမည်များနှင့် စပ်လျဉ်း၍ ထပ်မံရရှိသော အခြားသတင်းအချက်အလက်များရှိပါက ဖော်ပြရန်။ |
| အခြားဆက်စပ်သတင်း အချက် အလက်များ | |

| အပိုင်း ၁ (င)။ အခြားသတင်းအချက်အလက်များ |
|---|
| |

စာမျက်နှာ ၁၁ သို့ »»»

»»» စာမျက်နှာ ၁၀ မှ

| အပိုင်း ၁ (စ)။ ငွေရေးကြေးရေးဆိုင်ရာ သတင်းအချက်အလက်များ | | | |
|---|---|---|---|
| သိရှိရသော ပိုင်ဆိုင်သည့် ငွေကြေးပစ္စည်းများ | ရန်ပုံငွေ | တန်ဖိုး | |
| | | ဘဏ်စာရင်း | |
| | | ဘဏ်စာရင်းအမှတ် | |
| | စတော့ခ်များ၊ ဘွန်းများနှင့် အခြား ငွေကြေးဆိုင်ရာ ပိုင်ဆိုင်မှုများ | တန်ဖိုး | |
| | | အမျိုးအစားနှင့် အချိန်ကာလ | |
| | | ထိန်းသိမ်းထားရှိမှု | |
| | ပစ္စည်းပိုင်ဆိုင်မှု | တန်ဖိုး | |
| | | လိပ်စာ | |
| | | မှတ်ပုံတင်အမှတ် | |
| | | မှတ်ပုံတင်ခွင့်ပြုချက် | |
| | အခြားပိုင်ဆိုင်မှုများနှင့် စီးပွားရေးဆိုင်ရာ အရင်းအမြစ်များ | တန်ဖိုး | |
| | | အမျိုးအစား | |
| အဓိကထောက်ပံ့နေသော အရင်းအမြစ်များ | အလှူရှင်များ ( ) | | |
| | ငွေကြေးခဝါချမှုများ ( ) | | |
| | အခြား ( )၊ ရှင်းလင်းဖော်ပြချက် | | |

| အပိုင်း ၁ (ဆ)။ အထက်တွင် သီးခြားဖော်ပြထားခြင်း မရှိသည့် အခြားသတင်းအချက်အလက်များ |
|---|
| |

ပုံစံ(ဃ)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**
**အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ**
**(နည်းဥပဒေ ၉၁)**

သို့

ပြည်ထောင်စုဝန်ကြီး
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အကြောင်းအရာ။ ။ **အကြမ်းဖက်တရားခံအား လွှဲပြောင်းပေးရန်၊ တရားခံအား ရှာဖွေဖမ်းဆီး လွှဲပြောင်းပေးရန် တောင်းဆိုခြင်း**

၁။ ……………………… တွင်ဖြစ်ပွားသော ……………………………………… အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် စုံစမ်းစစ်ဆေးရန်/စုံစမ်းထောက်လှမ်းရန်/တရားစွဲဆိုရန်/ပြန်လည်စစ်ဆေးစီရင်နိုင်ရန် ရှိပါသဖြင့် ပြည်ပနိုင်ငံ / မြို့ / ဒေသ………………… အတွင်း ရောက်ရှိနေသူ …………… မြန်မာနိုင်ငံသားအား ရှာဖွေဖမ်းဆီး၍ နိုင်ငံတော်သို့ လွှဲပြောင်းပေးနိုင်ရေးအတွက် သံတမန်လမ်းကြောင်းအရ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ရန် အကြောင်းကြားအပ်ပါသည်။

၂။ အကြမ်းဖက်မှုဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) တရားခံလွှဲပြောင်းပေးရန် တောင်းဆိုသည့်ကိစ္စနှင့်သက်ဆိုင်သည့် အမှုအကျဉ်းချုပ်နှင့် သဘောသဘာဝ…………………………………………………………
…………………………………………………………………………
…………………………………………………………………………
…………………………………………………………………………
…………………………………………………………………………

(ခ) အရေးယူထားသည့် ဥပဒေနှင့်ပုဒ်မ ……………………………………………
…………………………………………………………………………
…………………………………………………………………………

(ဂ) ဆောင်ရွက်ပေးစေလိုသည့်ကိစ္စ ……………………………………………
…………………………………………………………………………
…………………………………………………………………………

(ဃ) ဆောင်ရွက်ပေးရမည့် အချိန်ကာလ(အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါက ဆောင်ရွက်ရန်ဖော်ပြချက်)………………………………………………
…………………………………………………………………………

(င) တောင်းဆိုသည့်ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် ကျင့်သုံးနေသော သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၏ ကောက်နုတ်ချက်များနှင့် အကြောင်းပြချက်များ
…………………………………………………………………………
…………………………………………………………………………

(စ) နိုင်ငံတော်တွင် အဆိုပါပြစ်မှုကို စုံစမ်းထောက်လှမ်းခြင်း၊ တရားစွဲဆိုခြင်း၊ တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းပြုလုပ်သူ အရာရှိ၏ အမည်၊ ဌာနနှင့် လုပ်ငန်းတာဝန်………
…………………………………………………………………………
…………………………………………………………………………

(ဆ) အခြားလိုအပ်သောအချက်များ ……………………………………………
…………………………………………………………………………

ဥက္ကဋ္ဌ
အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ

စာအမှတ်။ ………………………
ရက်စွဲ ။ ………………………

**မှတ်ချက်။** မသက်ဆိုင်သည့်စာသားကို ဖျက်ရန်။

ပုံစံ(င)

**တရားခံလွှဲပြောင်းပေးရန် တောင်းဆိုခြင်းခံရသူ**
**အကြမ်းဖက်သမား၏ အကြောင်းအရာ အတ္ထုပ္ပတ္တိများ**
**(နည်းဥပဒေ ၉၁)**

၁။ တရားခံအမည် - ………………………………
၂။ အခြားအမည် (ရှိလျှင်) - ………………………………
၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - ………………………………
၄။ နိုင်ငံကူးလက်မှတ်အမှတ်၊ ထုတ်ပေးသည့်ရက်စွဲ၊ ထုတ်ပေးသည့်နေရာ - ………………………………
………………………………
၅။ အလုပ်အကိုင် - ………………………………
၆။ အဘနှင့် အမိအမည် - ………………………………
၇။ မွေးဖွားရာအရပ် - ………………………………
၈။ အမြဲနေထိုင်ရာအရပ် - ………………………………
၉။ အသက် / မွေးသက္ကရာဇ် - ………………………………
၁၀။ လူမျိုး / ဘာသာ - ………………………………
၁၁။ အရပ် - ………………………………
၁၂။ ပုံပန်း - ………………………………
၁၃။ ဆံပင် - ………………………………
၁၄။ မျက်ခုံးများ - ………………………………
၁၅။ နဖူး - ………………………………
၁၆။ မျက်စိများ - ………………………………
၁၇။ နှာခေါင်း - ………………………………
၁၈။ ပါးစပ် - ………………………………
၁၉။ သွားများ - ………………………………
၂၀။ လက်ချောင်းများ - ………………………………
၂၁။ နားရွက်များ - ………………………………
၂၂။ မျက်နှာရှည်သည်/ဝိုင်းသည်/ - ………………………………
မျက်နှာထားချိုသည်/မျက်နှာထား - ………………………………
ပုပ်သည်/တွန့်ကြောင်းများသည် - ………………………………
၂၃။ အသားအရောင် - ………………………………
၂၄။ မှတ်ဆိတ် - ………………………………
၂၅။ နှုတ်ခမ်းမွေးများ - ………………………………
၂၆။ ထူးခြားသော အမှတ်အသားများ - ………………………………
၂၇။ ထူးခြားသော အမူအရာများ - ………………………………
၂၈။ အမြဲဝတ်တတ်သော အဝတ်တန်ဆာများ - ………………………………
………………………………
၂၉။ အမှုအကြောင်းအရာ အကျဉ်းချုပ် - ………………………………
- ………………………………

# မီဒီယာများမှ စွပ်စွဲဖော်ပြမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြန်လည်ဖြေကြားချက်

**မေး။ ။ ယခုရက်ပိုင်း မီဒီယာအချို့မှာ ပင်လောင်းမြို့နယ် နမ့်နိမ်ရွာ ဘုန်းကြီးကျောင်းမှာ သံဃာသုံးပါးနဲ့ ပြည်သူတွေကို ကယား PDF လို့စွပ်စွဲပြီး တပ်က အစုလိုက်၊ အပြုံလိုက်ပစ်ခတ်သတ်ဖြတ်ခဲ့တယ်လို့ ဖော်ပြထားတာတွေ့နေရပါတယ်။ အထက်ပါဖြစ်စဉ်နှင့် ပတ်သက်ပြီး ဖြစ်စဉ်အမှန်ကိုသိချင်ပါတယ်ရှင်။**

ဖြေ။ ။ ပင်လောင်းဒေသဆိုတာက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသလည်း ဖြစ်တယ်။ တည်ငြိမ်အေးချမ်းမှုရှိတဲ့ဒေသလည်း ဖြစ်ပါတယ်။ ယခင်ကတည်းက တပ်မတော်အနေနဲ့ရော အစိုးရအနေနဲ့ပါ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်နေတာရှိပါတယ်။ အဲဒီဒေသနဲ့နီးစပ်နေတဲ့ ကယားပြည်နယ်မှာ တိုက်ပွဲတွေဖြစ်တယ်။ မငြိမ်မသက်ဖြစ်နေတယ်ဆိုပေမယ့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုရှိနေတာ အမှန်ပါပဲ။ ဒါကတော့ ပအိုဝ်းဒေသမှာ နယ်မြေခံပြည်သူ့စစ်တွေ၊ PNLO အဖွဲ့အစည်းတွေ၊ တပ်မတော်သားတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်တယ်။ မတ်လဆန်းလောက်မှာ တောင်ဘက်မှာရှိတဲ့ KNPF/ KNPP/ PDF အကြမ်းဖက်အဖွဲ့တွေက ပအိုဝ်းဒေသကို နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်လာတာ တွေ့ရတယ်။ မတ်လ ၁၁ ရက်နေ့က ပင်လောင်းမြို့နယ် နမ့်နိမ်ရွာမှာ




KNPF/ KNPP အကြမ်းဖက်အဖွဲ့တွေ ဝင်ရောက်လာပြီး ရွာကိုခြိမ်းခြောက်လာတယ်။ နယ်မြေဒေသကို ခြိမ်းခြောက်တာတွေ ရှိလာတယ်။ ဒါနဲ့ပတ်သက်ပြီး တပ်မတော်အနေနဲ့လည်း ဒေသခံပြည်သူ့စစ်တွေနဲ့ ပူးပေါင်းပြီး နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ပြီးဖြစ်တယ်။ မတ်လ ၁၁ ရက်နေ့ ၉ နာရီမှာ အဲဒီရွာနားရောက်တဲ့အခါမှာ KNPF/ KNPP/ PDF အကြမ်းဖက်အဖွဲ့တွေက တပ်မတော်စစ်ကြောင်းတွေ၊ နယ်မြေခံ ဒေသခံပြည်သူ့စစ်တွေကို စတင်တိုက်ခိုက်ခဲ့တယ်။ ချောင်းမြောင်းပစ်ခတ်ခဲ့ပြီးတော့ တိုက်ပွဲဖြစ်ပွားခဲ့တယ်။ ပြီးတော့ အဲဒီအဖွဲ့တွေက တည်ငြိမ်အေးချမ်းနေတဲ့ နမ့်နိမ်ရွာထဲကိုဝင်တယ်။ ဝင်ပြီးတော့ ပစ်ခတ်ခဲ့တယ်။ ကျွန်တော်တို့အနေနဲ့ ဒီအဖွဲ့တွေကို တိုက်ခိုက်ခဲ့ရတာရှိတယ်။ အလောင်းနဲ့ လက်နက်တချို့ရရှိခဲ့တယ်။ ညနေ ၃ နာရီ နောက်ပိုင်းမှာ ထပ်မံတိုက်ပွဲ ဖြစ်ပွားခဲ့တယ်။ ဖြစ်စဉ်တစ်ခုလုံးကို ပြောရမယ်ဆိုရင်တော့ ပအိုဝ်းဒေသရဲ့ ငြိမ်းချမ်းနေမှု၊ ဖွံ့ဖြိုးတိုးတက်နေမှုကို ဖျက်ဆီးဖို့ရည်ရွယ်ချက်နဲ့ လာရောက်ဆောင်ရွက်နေတာဖြစ်တယ်။ တည်ငြိမ်နေတဲ့ ပအိုဝ်းဒေသခံတွေ၊ ပအိုဝ်းပြည်သူ့စစ်တွေ၊ ဒေသခံလုံခြုံရေးအဖွဲ့တွေနဲ့ တပ်မတော်ကြားမှာ ထင်ယောင်ထင်မှားဖြစ်စေဖို့ လုပ်ဆောင်တာဖြစ်တယ်။ ကျွန်တော်တို့အနေနဲ့က KNPF/ KNPP/ PDF အဖွဲ့တွေနဲ့ တိုက်ခိုက်ခဲ့တာဖြစ်တယ်။ ဒီနေရာမှာ ရွာသူရွာသားတွေသေတယ်ဆိုပြီး သတင်းမှားလွှင့်နေတာရှိတယ်။ KNPF/ KNPP/ PDF အကြမ်းဖက်အဖွဲ့တွေဝင်သွားပြီး အကြမ်းဖက်ပစ်ခတ်တဲ့ အချိန်မှာ ရွာသူရွာသား တချို့လည်း သေဆုံးတယ်။ ထိခိုက်ဒဏ်ရာရတာ တွေ့ရတယ်။ ထွက်ပြေးရတာမျိုးလည်းရှိတယ်။ ကျွန်တော်ဆိုလိုတာက ပအိုဝ်းဒေသသည် အစဉ်အဆက် ငြိမ်းချမ်းလာတဲ့ဒေသဖြစ်တဲ့အတွက် တောင်ဘက်မှာရှိတဲ့ KNPF/ KNPP အဖွဲ့တွေအနေနဲ့ ပအိုဝ်းဒေသတည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးဖို့၊ အစိုးရ၊ တပ်မတော်နဲ့ ဒေသခံပအိုဝ်း ပြည်သူလူထုအကြားမှာ ထင်ယောင်ထင်မှားဖြစ်စေဖို့အတွက် ဒီသတင်းတွေကို ထုတ်လွှင့်နေခြင်းဖြစ်တယ်။ ပြစ်မှုကျူးလွန်ခဲ့သူတွေ၊ စစ်ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့သူတွေဟာ ဒီလူတွေပဲဖြစ်တယ်လို့ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့ တပ်မတော်အနေနဲ့ကတော့ ပအိုဝ်းဒေသတည်ငြိမ် အေးချမ်းရေးနဲ့ ပအိုဝ်းပြည်သူလူထုတွေရဲ့ အသက် အိုးအိမ်စည်းစိမ်ကို ထိခိုက်အောင်လုပ်ခဲ့တဲ့ KNPF/ KNPP/ PDF အဖွဲ့တွေကို ထပ်မံပြီးတော့ လုံခြုံရေး အရလိုအပ်တဲ့ အရေးယူဆောင်ရွက်မှုတွေကို ပြင်းပြင်းထန်ထန် ဆက်လက်ဆောင်ရွက်သွားမယ်လို့ ပြောချင်ပါတယ်။

## အတ္ထရံ မြစ်ကူး(စံပယ်ဂူ)တံတား ချဉ်းကပ်လမ်း မြေယာလျော်ကြေးငွေပေးအပ်ပွဲ ဒုတိယအကြိမ် ပြုလုပ်

ကျိုက်မရော မတ် ၁၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် အတ္ထရံ မြစ်ကူး (စံပယ်ဂူ) တံတားချဉ်းကပ်လမ်း ဖောက်လုပ်ရာ၌ လမ်းနယ်အတွင်းပါဝင်သည့် လယ်မြေ၊ ဥယျာဉ်မြေနှင့် အခြားနည်း အသုံးပြုခွင့်ရမြေများအား မြေယာလျော်ကြေးငွေ ဒုတိယအကြိမ်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁နာရီက ကျိုက်မရောမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ (ရွှေဟင်္သာ) ခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးဦးက (စံပယ်ဂူ)တံတား ချဉ်းကပ်လမ်း မြေယာလျော်ကြေးငွေပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး မွန်ပြည်နယ် လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်ဝါဝါမြင့်က အတ္ထရံမြစ်ကူး(စံပယ်ဂူ) တံတားချဉ်းကပ်လမ်း ဖောက်လုပ်ရာတွင် ပါဝင်သွားသည့် မြေများအတွက် တောင်သူများအား မြေယာ လျော်ကြေးငွေများကို တောင်သူများလက်ဝယ် အရောက်ပေးအပ်ခဲ့ရာ တောင်သူများက လက်ခံရယူခဲ့သည်။ ယနေ့ပေးအပ်ခဲ့သော မြေယာလျော်ကြေးငွေ ရရှိသည့် ကျေးရွာများဖြစ်သည့် မယ်ကရိုကျေးရွာမှ တောင်သူရှစ်ဦး၊ ကော့ပနောကျေးရွာမှ တောင်သူလေးဦး၊ ရှင်စောပုရပ်ကွက်မှ တောင်သူသုံးဦး စုစုပေါင်းတောင်သူ ၁၅ ဦးတို့၏ လယ်မြေဧက ၂၂ ဒသမ ၁၃ ဧကအား တစ်ဧကလျှင် ကျပ်သိန်း ၅၀ နှုန်းဖြင့် စုစုပေါင်း ကျပ် ၁၁၀၆၅၀၀၀၀ နှင့်၊ သီးနှံ ၄၁၆ တင်းအတွက် ကျပ် ၇၄၈၀၀၀၀ စုစုပေါင်း ကျပ် ၁၁၈၁၃၈၀၀၀၀ အား မွန်ပြည်နယ် အစိုးရအဖွဲ့ မြေယာလျော်ကြေးငွေ စိစစ်ပေးချေရေး ကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက တောင်သူများ၏ လက်ဝယ်အရောက် စနစ်တကျပေးအပ်ခဲ့ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ ငါးမွေးမြူရေးနည်းပညာသင်တန်း ဖွင့်လှစ်

တွံတေး မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ပသီကျေးရွာငါးမွေးမြူရေးလုပ်ငန်းရှင်များအား ငါးမွေးမြူရေးလုပ်ကိုင်ရာတွင် အထောက်အကူရရှိပြီး ငါးလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငါးမွေးမြူရေးနည်းပညာသင်တန်းကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပသီကျေးရွာမူလတန်းကျောင်းတွင် ပို့ချသင်ကြားပေးခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် တွံတေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ထွဋ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်သင်တန်းနည်းပြ တွံတေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်ထွဋ်နှင့် ဝန်ထမ်းများ၊ တွံတေးငါးလုပ်ငန်းတာဝန်ခံ ဒေါ်မိမိခိုင်တို့က ငါးမွေးမြူရေးဆိုင်ရာ အခြေခံ ငါးမွေးမြူရေး ၊ ငါးမှုန်ငါးသန် ပြုစုခြင်း၊ ငါးဆေးထိုးသားဖောက်ခြင်း၊ ငါးအသားတိုး မွေးမြူခြင်းတို့အား သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါသင်တန်းသို့ တွံတေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးဌာနမှူး ဦးတင်မောင်ထွဋ်နှင့်ဝန်ထမ်းများ၊ ပသီကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ ၊ငါးမွေးမြူရေးလုပ်ငန်းရှင်များ၊ ဝါသနာရှင် သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**တွံတေးသား**



## ကျေးလက်ရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ကျိုက်ထို မတ် ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု(မွမ်းမံ) ရန်ပုံငွေ ၅ ဒသမ ၂၀ သန်းဖြင့် ဌာနမှဆောင်ရွက်သည့် ကျိုက်ထိုမြို့နယ် ကျူချောင်ကျေးရွာ ရေပေးရေးလုပ်ငန်း ရေစက်ရုံတည်ဆောက်ခြင်း ၁၀' x ၈' x ၈'၊ ရေပိုက်သွယ်တန်းခြင်း ၂''Ø ၁၂၀၀' နှင့် အင်ဂျင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ယခုအချိန်တွင် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်သည်။

ကျေးလက်နေပြည်သူများ ရေရရှိရေးအတွက် အဆိုပါလုပ်ငန်းအား ဆောင်ရွက်ပေးခဲ့ပြီး ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျေးရွာနေ အိမ်ထောင်စု ၂၅၇ စု လူဦးရေ ၁၂၆၇ ဦးတို့အတွက် အကျိုးကျေးဇူးရရှိမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

❒ ၂၀၂၄ အာရှဖလားမှ

မြန်မာအသင်းသည် အုပ်စု (G) တွင် ပါဝင်ခဲ့ပြီး ကမ္ဘောဒီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ မလေးရှားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမရပြီး ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်လာခြင်းဖြစ်သည်။ ပထမအဆင့်အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (A)၌ တရုတ်အသင်း၊ အုပ်စု (B)၌ နီပေါအသင်း၊ အုပ်စု (C)၌ သြစတြေးလျအသင်း၊ အုပ်စု (D)၌ လက်ဘနွန်အသင်း၊ အုပ်စု (E)၌ တရုတ်(တိုင်ပေ)အသင်း၊ အုပ်စု (F)၌ ဗီယက်နမ်အသင်း၊ အုပ်စု (G)၌ မြန်မာအသင်း၊ အုပ်စု (H)၌ အီရန်အသင်းတို့ အုပ်စုပထမရကာ နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို ပထမအဆင့်ခြေစစ်ပွဲမှ တက်ရောက်လာသည့် ရှစ်သင်းအား လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ထိပ်ဆုံးရပ်တည်မှုရ နှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ဒုတိယအဆင့်ခြေစစ်ပွဲကို ၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၁၁ ရက်အတွင်း ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

# သီရိလင်္ကာနိုင်ငံ၌ ဖေဖော်ဝါရီလအတွင်း ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၆၉ ဒသမ ၉ သန်း ဝင်ငွေရရှိ

ကိုလံဘို မတ် ၁၃

သီရိလင်္ကာနိုင်ငံသည် ဖေဖော်ဝါရီလအတွင်း ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၆၉ ဒသမ ၉ သန်း ဝင်ငွေရရှိခဲ့ကြောင်း နိုင်ငံ၏ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဟာရင်ဖာနန်ဒိုက မတ် ၁၃ ရက်တွင် ပြောကြားသည်။

ပြီးခဲ့သည့်နှစ် ဖေဖော်ဝါရီလက ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁၆၉ ဒသမ ၄ သန်း ဝင်ငွေရရှိခဲ့ခြင်းကြောင့် ယခုနှစ် ဖေဖော်ဝါရီလတွင် ခရီးသွားလုပ်ငန်းမှ ဝင်ငွေတိုးတက်မှု ရှိခဲ့ကြောင်း ဟာရင်ဖာနန်ဒိုက ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံသို့ ယခုနှစ် ပထမနှစ်လတာကာလအတွင်း နိုင်ငံခြားသားခရီးသွား ၂၁၀၀၀၀ ကျော် လာရောက်ခဲ့ခြင်းကြောင့် အဆိုပါကာလအတွင်း အမေရိကန်ဒေါ်လာ ၃၃၁ ဒသမ ၇ သန်း ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံခြားသားခရီးသွား ၁၀၂၅၄၅ ဦးလာရောက်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း နိုင်ငံခြားသားခရီးသွား ၁၀၇၆၃၉ ဦး လာရောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် သီရိလင်္ကာနိုင်ငံသို့ မတ် ၈ ရက်အထိ နိုင်ငံခြားသားခရီးသွား လာရောက်မှုမှာ ၂၃၄၅၄၇ ဦးရှိခဲ့ခြင်းကြောင့် ယမန်နှစ်နှင့် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ၉ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေအများဆုံးရရှိသည့် လုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါနှင့် ပြည်တွင်းစီးပွားရေးနှင့် နိုင်ငံရေး ပဋိပက္ခများကြောင့် နိုင်ငံခြားဝင်ငွေအပေါ်ထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။

သီရိလင်္ကာနိုင်ငံသည် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံခြားသားခရီးသွား ၁ ဒသမ ၅ သန်းနှင့် ၂၀၂၄ ခုနှစ်တွင် နိုင်ငံခြားသားခရီးသွား သုံးသန်း ဝင်ရောက်မှုရှိရေး ဆွဲဆောင်သွားရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။



ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်



# ဗီယက်နမ်နိုင်ငံ၏ ကော်ဖီထုတ်လုပ်မှု မြှင့်တင်မည်

ဟန္နိုင်း မတ် ၁၃

ဗီယက်နမ်နိုင်ငံ၏ ကော်ဖီထုတ်လုပ်မှုကို မြှင့်တင်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

### အဆင့်မြှင့်တင်သွားမည်

နိုင်ငံ၏ ကော်ဖီထုတ်လုပ်မှုမှတစ်ဆင့် ပြည်ပပို့ကုန် ဝင်ငွေတိုးတက်ရရှိစေရန်နှင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းအဖြစ် ပြောင်းလဲနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒါလတ်ပြည်နယ်၌ ကျင်းပသည့် 2023 Buon Ma Thuot Coffee Festival တွင် တာဝန်ရှိသူများက ပြောကြားသည်။

အရည်အသွေးမြင့်မားသည့် ကော်ဖီထုတ်လုပ်နိုင်ရန်အတွက် ကုန်ပစ္စည်းထောက်ပံ့ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ပြီး အဆင့်မြင့်ကော်ဖီ စိုက်ပျိုးနည်းစနစ်များကို အသုံးပြုကာ ကော်ဖီစိုက် တောင်သူများ၏ လူနေမှုဘဝကို မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၃၀ ပြည့်နှစ်အရောက်တွင် ကော်ဖီ ပြည်ပတင်ပို့ခြင်းမှ အမြတ်ငွေ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံရရှိရန် ဗီယက်နမ်နိုင်ငံက ဆောင်ရွက်နေသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# အာဖဂန်နစ္စတန်နိုင်ငံ ဗဟိုဘဏ်က ပြည်တွင်းငွေကြေး တည်ငြိမ်မှုရှိရန် အမေရိကန်ဒေါ်လာ ၁၆ သန်းရောင်းချမည်

ကဘူးလ် မတ် ၁၃

အာဖဂန်နစ္စတန် ဗဟိုဘဏ်(DAB)သည် ပြည်တွင်းငွေကြေးလဲလှယ်မှုနှုန်း တည်ငြိမ်မှုရှိစေရေးအတွက် အမေရိကန်ဒေါ်လာ ၁၆ သန်းကို လေလံစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း အာဖဂန်နစ္စတန် ဗဟိုဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်ဒေါ်လာ တစ်ဒေါ်လာအတွက် ငွေကြေးလဲလှယ်မှုနှုန်းသည် ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ၈၈ အာဖဂန်နီရှိခဲ့ရာမှ မတ် ၁၃ ရက်တွင် ၈၈ ဒသမ ၅၀ အာဖဂန်နီအထိ ရှိလာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အာဖဂန်နစ္စတန်ဗဟိုဘဏ်အနေဖြင့် နိုင်ငံခြားငွေကြေးလဲလှယ်မှုနှုန်းကြောင့် အာဖဂန်ငွေကြေးတန်ဖိုး လျော့ကျမည့်အရေးကို ကာကွယ်ရန် ဆောင်ရွက်လျက်ရှိပြီး ပြီးခဲ့သည့်သီတင်းပတ်အတွင်းကလည်း အာဖဂန်နစ္စတန်ဗဟိုဘဏ်က ပြည်တွင်းငွေကြေးလဲလှယ်မှုနှုန်း တည်ငြိမ်ရန် အမေရိကန်ဒေါ်လာ ၁၆ သန်း လေလံတင်ရောင်းချခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံသည် နိုင်ငံ၏စီးပွားရေး တည်ငြိမ်ရေးကို အထောက်အပံ့ဖြစ်စေရန် နိုင်ငံတကာအသိုက်အဝန်း၏ လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့များမှ တစ်စိတ်တစ်ဒေသအဖြစ် လွန်ခဲ့သည့် ၁၇ လတာကာလအတွင်း အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် လက်ခံရရှိခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အလင်းသစ်

# ဂျပန်နိုင်ငံ နာရီတာလေဆိပ်၌ ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်များတပ်ဆင်အသုံးပြုမည်

တိုကျို မတ် ၁၃

ဂျပန်နိုင်ငံနာရီတာလေဆိပ်ရှိ စွမ်းအင်လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အားပေးစနစ်များ တပ်ဆင်အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

### တပ်ဆင်သွားမည်

ယင်းလေဆိပ်ရှိ စွမ်းအင်လိုအပ်ချက်၏ ၄၀ ရာခိုင်နှုန်းကို ဆိုလာစနစ်ဖြင့် ရယူသုံးစွဲသွားမည်ဖြစ်သည်။ ယခုအစီအစဉ်ကို နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ်ကော်ပိုရေးရှင်းနှင့် တိုကျိုဂက်စ်လုပ်ငန်းတို့ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ယခုအစီအစဉ်အရ လေယာဉ်ပြေးလမ်းများဘေးနှင့် ခေါင်မိုးများပေါ်တွင် ဆိုလာပြားများ အများအပြား တပ်ဆင်သွားမည်ဖြစ်သည်။

အဆိုပါ ဆိုလာစနစ်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးအစီအစဉ်မှ လျှပ်စစ်ဓာတ်အား ၁၈၀ မီဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ကုန်ကျစရိတ်အားဖြင့် ယန်း ၁၀၀ ဘီလီယံခန့်ရှိမည်ဖြစ်သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - စိုးသူရ

# ဖိလစ်ပိုင်နိုင်ငံ၌ လောင်စာဆီဖိတ်စဉ်မှုကြောင့် ဒေသခံ ၁၀၀၀၀၀ ခန့် ထိခိုက်နေရ

မနီလာ မတ် ၁၃

ဖိလစ်ပိုင်နိုင်ငံ၌ ဖေဖော်ဝါရီ ၂၈ ရက်က စတင်ဖြစ်ပွားခဲ့သည့် လောင်စာဆီတင်သင်္ဘော လောင်စာဆီ ဖိတ်စဉ်မှုကြောင့် အိုရီယန်တယ်မန်ဒိုရို ပြည်နယ်ရှိ ဒေသခံ ၁၀၀၀၀၀ ခန့် ထိခိုက်ခဲ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဟူမာလီတိုဒိုလာက ယနေ့ ပြောကြားသည်။

ထို့ပြင် အဆိုပါဖြစ်စဉ်ကြောင့် အိုရီယန်တယ်မန်ဒိုရိုပြည်နယ် ပိုလာမြို့၌ ဒေသခံများ အစာအိမ်ရောဂါဖြစ်ခြင်း၊ ရင်ဘတ်နာခြင်းစသည့် ဝေဒနာများ ခံစားရပြီး ကမ်းခြေတစ်လျှောက် ငါးများသေဆုံးမှုနှင့် ဒီရေတောများ ပျက်စီးမှုတို့ဖြစ်ပွားခဲ့သည်။ လက်ရှိအချိန်တွင် အဆိုပါဒေသရှိ တံငါသည်များအား ငါးဖမ်းခြင်းမပြုရန် တားမြစ်ထားသည်။ နိုင်ငံတစ်ဝန်းရှိ ကမ်းခြေဒေသများတွင်လည်း အဆိုပါ လောင်စာဆီဖိတ်စဉ်မှု၏ အကျိုးဆက်များကို ခံစားရနိုင်ကြောင်း ဖိလစ်ပိုင် အဏ္ဏဝါသိပ္ပံအင်စတီကျူက သတိပေးထားသည်။

ယခုလောင်စာဆီဖိတ်စဉ်မှုအား သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဌာနများကို သမ္မတဖာဒီနန်မားကို့စ်က ညွှန်ကြားခဲ့သည်။ ယင်းလောင်စာဆီတင်သင်္ဘောသည် လူဇုန်ကျွန်းရှိ ဘာတန်ပြည်နယ်မှ စက်မှုလုပ်ငန်းသုံး လောင်စာဆီ လီတာ ၈၀၀၀၀၀ ကို ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းသို့ ပို့ဆောင်ရန် ထွက်ခွာခဲ့ခြင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန်- စိုးသူရ



# နောင်ချိုမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ သိန်း သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၃

နောင်ချိုမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့တွင် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဖမ်းဆီးရမိသူများကို တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီး မန္တလေး-လားရှိုးကားလမ်းတွင် ကွတ်ခိုင်မှ မန္တလေးသို့ ခိုင်ထူး မောင်းနှင်သောယာဉ်နှင့် ကောင်းစံ (ခ) ကောင်းကောင်း မောင်းနှင်သောယာဉ်တို့အား သတင်းအရ ရှာဖွေရာ ယာဉ်နှစ်စီး၏ ခေါင်မိုးပေါ်ရှိ အခင်းဖော့ပြားများအတွင်း သို ဝှက် သယ် ဆောင် လာ သည့် စိတ်ကြွရူးသွပ်ဆေးပြား ခြောက်သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ သတင်းကွင်းဆက်အရ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် စစ်ဆေးရေးဂိတ်တွင် စိုးနိုင်မောင်းနှင်သည့် ယာဉ်၏ ခေါင်မိုးပေါ်ရှိ အခင်းဖော့ပြားများအတွင်းမှ အလားတူ စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း ထပ်မံ သိမ်းဆည်းရမိသဖြင့် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၁ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅ နာရီတွင် ပုသိမ်ကြီးမြို့နယ် လက်ကောင်းကျေးရွာ၌ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်ဇင်ဝိုင်း(ခ)ကျော်ကျော်နှင့် ယင်းနေ့ ညနေ ၆ နာရီခွဲတွင် ကွတ်ခိုင်မြို့ နမ့်ခမ်း- မန်းကားဂိတ်မှူး မောင်စီချို(ခ) မော်စီတို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်သူများသည် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေရန် ရည်ရွယ်၍ နည်းလမ်းမျိုးစုံ အသုံးပြုပြီး ကျူးလွန်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၃

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီအစဉ်မှ **“လူငယ်တွေရဲ့ပညာရေးလမ်းကြောင်းကို ဖျက်ဆီးနှောင့်ယှက်နေတဲ့ PDF များ”** ခေါင်းစဉ်ဖြင့် မတ် ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ရွှေစာရံဘုရားသို့ သွားရောက်သည့် ဘုရားဖူးယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲပစ်ခတ်တိုက်ခိုက်မှုကြောင့် ကလေးငယ် အပါအဝင် ပြည်သူသုံးဦး သေဆုံးမှု”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉- ၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# မံစီ၊ မူဆယ်နှင့် ကျိုင်းတုံမြို့နယ်တို့တွင် မူးယစ်ဆေးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၃

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက် နံနက် ၁၀ နာရီခွဲတွင် မံစီမြို့နယ် မန်မကောက်ကျေးရွာအနီး မံစီ-ရွှေကူသွားကားလမ်းတွင် ကျော်စိုးဝင်း မောင်းနှင်ပြီး မာတန်နှင့် မလှလှညွန့်တို့ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၂၁၂



ကျအီအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ပြားကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီတွင် မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် လက်ဝါးကပ်တိုင်လမ်းတွင် စိုင်းကျော်အောင်(ခ)ကွမ်းမောဝ် မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ မွန်းလွဲ ၂ နာရီတွင် ၎င်းနေထိုင်သည့် မူဆယ်မြို့ ခရစ်ယာန်ရပ်ကွက် ချယ်ရီလမ်းရှိ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၀ သိမ်းဆည်းရမိခဲ့ကြောင်း၊ ဆက်လက်၍ ကွင်းဆက်အရ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့က မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက် ကြက်ခြေနီရုံးလမ်းရှိ နေမင်းသူရ(ခ)ဖိုးလပြည့်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ပြောင်းဆေးဝါးဖြစ်သည့် ကက်တမင်း သုညဒသမ ၃ ကီလိုကိုလည်းကောင်း။

မတ် ၈ ရက် နံနက် ၅ နာရီခွဲတွင် ကျိုင်းတုံမြို့နယ် ကတ်တောင်ကျေးရွာအုပ်စု ပါစမ်ကျေးရွာအနီးရှိ ကျိုင်းတုံ-မိုင်းခတ်သွားလမ်းတွင် ကျအီ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ အိုက်စ် ၄၀ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# ရေလုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၁၃

ရေလုပ်ငန်းသို့ ပို့ဆောင်၍ လုပ်အားခအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ခုနစ်နှစ်စီ ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ မျိုးသက်ပိုင်(ခ)သက်ပိုင်နှင့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်နေ ဇော်လင်းထွဋ်တို့က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားဝင်းဟံသာဝတီဘုန်းကြီးကျောင်းနေ မောင်--- အား ဖျာပုံမြို့ရှိ ငါးဖမ်းစက်လှေတွင် တစ်ရက် စားစရိတ်ငြိမ်း ငွေကျပ် ၇၀၀၀ ရမည်ဟု ပြောဆိုစည်းရုံး၍ ရေလုပ်ငန်းသို့ပို့ဆောင်ကာ လုပ်အားခအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ကြည့်မြင်တိုင်မြို့မရဲစခန်း (ပ) ၄၂/ ၂၀၂၂၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး အနောက်ပိုင်းခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၉ ရက်တွင် တရားခံ မျိုးသက်ပိုင်(ခ)သက်ပိုင်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅ အရလည်းကောင်း၊ တရားခံ ဇော်လင်းထွဋ်ကို လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၅/၃၂ အရလည်းကောင်း အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်သူများ၏ ဝိုင်းဝန်းကူညီဆောင်ရွက်မှုဖြင့် ဆိုင်ကယ် ၁၃ စီးနှင့် ကား ငါးစီး လုယက်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိ

ဘားအံ မတ် ၁၃

ကရင်ပြည်နယ်ဘားအံမြို့နယ်အတွင်း ပြည်သူများ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုဖြင့် မတ် ၉ ရက်က ဆိုင်ကယ် ၁၃ စီးနှင့် ကား ငါးစီး လုယက်မှုကျူးလွန်ခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်း ဦးတောရွှေ (၄၆)နှစ် ကော့တလန်စိန်ရွာ ဘားအံမြို့နယ်နေသူသည် မတ် ၉ ရက် နံနက် ၁၁ နာရီခွဲခန့်က ကန့်ဒါအမျိုးအစားယာဉ်ဖြင့် ကော့တလန်စိန်ဘုန်းကြီးကျောင်းသို့ သဲများပို့ဆောင်ရန် သွားရောက်စဉ် ကော့ကမာကျေးရွာ အဝင်အနီးတွင် လူငယ် ငါးဦးခန့်ပါဝင်သော Toyota Mark-x ယာဉ်သည် ကားရှေ့ကျော်တက်ပိတ်ရပ်ပြီး လက်နက်ပြ၍ ဝိုင်းဝန်းခြိမ်းခြောက်ထိုးကြိတ်ကာ ၎င်း၏ကားအား လုယက်ယူဆောင်သွားကြောင်း ဘားအံမြို့နယ် အိန္ဒုနယ်မြေရဲစခန်းတွင် တရားလိုပြုလုပ်တိုင်တန်းခဲ့သည်။ အိန္ဒုနယ်မြေရဲစခန်းမှ ပြစ်မှုကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ခဲ့ရာ ပြည်သူများ၏ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမှုကြောင့် မမြင့်ဖူ(ခ) နော်မြင့်ဖူ ၃၂ နှစ် အမှတ်(၅)ရပ်ကွက် အောင်နန်းလမ်း ဘားအံမြို့၊ နေလင်းထွန်း(ခ) သားငယ်လေး (၂၁)နှစ် အောင်မြင်ရွှေဘိုလမ်း အမှတ်(၄)ရပ်ကွက် မြဝတီမြို့၊ ဇင်လင်းထက် (ခ)ဘီးလင်း (၂၉)နှစ် အောင်နန်း(၃)လမ်း အမှတ်(၅) ရပ်ကွက် ဘားအံမြို့၊ ချစ်ကိုဦး (၂၈) နှစ် အောင်မြင်ရွှေဘိုလမ်း အမှတ်(၄)ရပ်ကွက် မြဝတီမြို့၊ မျိုးမင်းသိန်း (ခ)အေနိုင်း (၂၈)နှစ် အောင်မြင်ရွှေဘိုလမ်း အမှတ် (၃)ရပ်ကွက် ကရင်စာပေစု မြဝတီမြို့နေသူတို့အား ပြစ်မှုကျူးလွန်စဉ် ကိုင်ဆောင်လက်နက်များ၊ သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။



ဖမ်းဆီးရမိသူများအား ဖော်ထုတ်စစ်ဆေးချက်အရ ဘားအံမြို့နယ်အတွင်း ကား ငါးစီးနှင့် ဆိုင်ကယ် ၁၃ စီးကို လုယက်မှုများကျူးလွန်ခဲ့ကြောင်း အမှုစစ်ဆေးပေါ်ပေါက်ခဲ့ပြီး ကျန်ရှိသော သက်သေခံ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များအား သိမ်းဆည်းရမိရေးနှင့် ဆက်လက်အရေးယူနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

■

# PDF အမည်ခံအကြမ်းဖက်သမားများက ပုလဲမြို့ရှိ မြို့နယ်သစ်တောဦးစီးမှူးရုံးကို မီးပုလင်းများဖြင့် ပစ်ပေါက်တိုက်ခိုက်

**နေပြည်တော် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ရှိ မြို့နယ်သစ်တောဦးစီးမှူးရုံးကို PDF အမည်ခံ အကြမ်းဖက်သမားများက မီးပုလင်းများဖြင့် ပစ်ပေါက်တိုက်ခိုက်ရာ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ မီးလောင်ပျက်စီးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုလဲမြို့ရှိ မြို့နယ်သစ်တောဦးစီးမှူးရုံးကို ယနေ့နံနက် ၈ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အဆိုပါမြို့၏ အနောက်ဘက်ရှိ မြကုန်းကျေးရွာမှ ဆိုင်ကယ်သုံးစီးဖြင့် ရောက်ရှိလာပြီး ရုံးဝင်းအတွင်းသို့ မီးပုလင်း လေးလုံးဖြင့် ပစ်ပေါက်၍ မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာနေရာသို့ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် ယာယီပိတ်ထားပြီး လူနေထိုင်ခြင်းမရှိသည့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံအဟောင်းများ (ကာလတန်ဖိုးကျပ် ၈၅ သိန်းခန့်) မီးလောင်ပျက်စီးသွားခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ရေးပစ်မှတ်မဟုတ်သည့် အစိုးရပိုင် အဆောက်အအုံများကို အကြောင်းမဲ့အဖျက်အမှောင့်လုပ်ငန်းများလုပ်ဆောင်နေသည့် PDF အမည်ခံ အကြမ်းဖက်သမားများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ပုလဲမြို့နယ် မြို့နယ်သစ်တောဦးစီးမှူးရုံး အဆောက်အအုံအဟောင်းကို PDF အမည်ခံအကြမ်းဖက်သမားများ၏ မီးပုလင်းများဖြင့် ပစ်ပေါက်တိုက်ခိုက်မှုဖြစ်စဉ်ပြပုံ။

# မုံရွာမြို့နယ် အောင်သာကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများ၏ ယာယီအခြေပြုနေရာတစ်ခု သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အောင်သာကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများက ခိုအောင်းနေထိုင်၍ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်း စသည့်အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း နယ်မြေတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် တာဝန်သိ ဒေသခံပြည်သူများက လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ သတင်းပေးပို့လာခဲ့သည်။

အဆိုပါ သတင်းပေးပို့ချက်အရ အောင်သာကျေးရွာအနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် သတင်းဖော်ထုတ်ခြင်းနှင့် လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့ ညနေ ၄ နာရီခွဲခန့်တွင် ၎င်းကျေးရွာအနီး ယာယီအခြေပြု၍ ခိုအောင်းနေထိုင်လျက်ရှိသည့် အခြေပြုနေရာတစ်ခုကို သိမ်းပိုက်ရရှိခဲ့ပြီး လူနေတဲ ကိုးလုံးနှင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရန် အသုံးပြုသည့် မြေအောက်အချုပ်ခန်း တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် အဆိုပါနယ်မြေအတွင်း ဒေသခံပြည်သူများ၏ လုံခြုံရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် လိုအပ်သည့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




မုံရွာမြို့နယ် အောင်သာကျေးရွာအနီး ခိုအောင်းနေထိုင်၍ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယာယီအခြေပြုနေရာတစ်ခုကို သိမ်းပိုက်ရရှိသည့်ဖြစ်စဉ်ပြပုံ။



သိမ်းဆည်းရရှိသည့် လူနေတဲများနှင့် မြေအောက်အချုပ်ခန်း၏ မှတ်တမ်းဓာတ်ပုံ။



# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အမှတ်(၆)ရပ်ကွက်နေ ဆန်းဆင့်အောင်(ခ)ပိုင်သူထက်အောင်သည် ၎င်းအသုံးပြုသည့် “Pain Thu” Facebook အကောင့်၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မြောက်ပိုင်းရပ်ကွက်နေ မေဇွန် (ခ) ခင်ဝင်းရီသည် ၎င်းအသုံးပြုသည့် “May Zon” Facebook အကောင့်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ချောင်းပါးကျေးရွာနေ ဝါဝါအောင်သည် ၎င်းအသုံးပြုသည့် “War War Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နွားထိုးကြီးမြို့အတွင်းရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများအား PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်

**နေပြည်တော် မတ် ၁၃**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့ အမှတ်(၄)ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးနှင့် အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့အား PDF အမည်ခံအကြမ်းဖက်သမားများက Drone ယာဉ်များအသုံးပြု၍ Drop Bomb များ ပစ်ချ တိုက်ခိုက်ခဲ့သဖြင့် ရုံးဝန်ထမ်း အမျိုးသား တစ်ဦးသေဆုံးပြီး အမျိုးသား သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နွားထိုးကြီးမြို့ အမှတ်(၄)ရပ်ကွက်ရှိ မြို့နယ်လျှပ်စစ်မန်နေဂျာရုံးကို ယနေ့နံနက် ၁၁ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အဆိုပါရုံး၏ အနောက်တောင်ဘက်မှ Drone ယာဉ် တစ်စင်းဖြင့် Drop Bomb သုံးလုံး ပစ်ချတိုက်ခိုက်ခဲ့ရာ ရုံးဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ရုံးဝန်ထမ်း အမျိုးသားတစ်ဦး ဗုံးစထိမှန်ဒဏ်ရာများရရှိခဲ့သည်။

အလားတူ နွားထိုးကြီးမြို့ အမှတ်(၁)ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးအား နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက အဆိုပါရုံး၏ အနောက်တောင်ဘက်မှ Drone ယာဉ် တစ်စင်းဖြင့် Drop Bomb သုံးလုံး ပစ်ချတိုက်ခိုက်ခဲ့ရာ ရုံးဝင်းအတွင်း ကျရောက်ပေါက်ကွဲခဲ့ပြီး ရုံးဝန်ထမ်း အမျိုးသား တစ်ဦးသေဆုံးခဲ့ရာ အမျိုးသား နှစ်ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိကာ ရုံးတံခါးပေါက်မှန် ရှစ်ချပ် ကွဲအက်ပျက်စီးခဲ့သည်။

ဖြစ်စဉ်တွင် သေဆုံး/ဒဏ်ရာရရှိခဲ့သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နွားထိုးကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ထိုသို့ဆင်ခြင်တုံတရားမဲ့စွာ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသော PDF အမည်ခံ အကြမ်းဖက်သမားများကို ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




နွားထိုးကြီးမြို့ လျှပ်စစ်မန်နေဂျာရုံးရှေ့ အုတ်တံတိုင်းအနီး PDF အမည်ခံ အကြမ်းဖက်သမားများက Drone အသုံးပြု၍ ပစ်ချတိုက်ခိုက်သည့် Drop Bomb သုံးလုံး ပေါက်ကွဲမှုဖြစ်စဉ်ပြ မှတ်တမ်းဓာတ်ပုံ။




နွားထိုးကြီးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးဝင်းအတွင်း PDF အမည်ခံအကြမ်းဖက်သမားများက Drone အသုံးပြု၍ ပစ်ချတိုက်ခိုက်သည့် Drop Bomb သုံးလုံး ပေါက်ကွဲမှုဖြစ်စဉ်ပြ မှတ်တမ်းဓာတ်ပုံ။



ရုံးတံခါးမှန်များ ကွဲအက်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

❖ **ကျောဖုံးမှ**

အခုပွဲစဉ်မှာ ဘာစီလိုနာအသင်း ဂိုးသမား တာစတီဂန်အနေနဲ့ ဘီဘာအိုအသင်းရဲ့ ဂိုးကန်သွင်းမှုတွေကို အကောင်းဆုံး ကာကွယ်နိုင်ခဲ့တာကြောင့် ဘာစီလိုနာအသင်းအနေနဲ့ ဘီဘာအိုအသင်းကို အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းဟာ ဘီဘာအိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် ၂၅ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၆၅ မှတ်အထိ စုဆောင်းနိုင်ခဲ့ပြီး အမှတ်ပေးဇယား ဒုတိယနေရာမှ ရီးယဲလ်မက်ဒရစ်အသင်းက ၅၆ မှတ်ရရှိထားတာဖြစ်လို့ ရီးယဲလ်မက်ဒရစ်အသင်းကို ကိုးမှတ်ဖြတ်ကာ ဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသော စပိန်လာလီဂါပွဲစဉ်တွေမှာတော့ မာယော့ကာအသင်းနဲ့ ရီးယဲလ်ဆိုစီဒက်အသင်းတို့ ပွဲစဉ်မှာ တစ်ဂိုး-တစ်ဂိုးစီ၊ ဗီလာရီးယဲလ်အသင်းနဲ့ ရီးယဲလ်ဘက်တစ်အသင်းတို့ပွဲစဉ်မှာ တစ်ဂိုး-တစ်ဂိုးစီ စသဖြင့် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဆီဗီလာအသင်းနဲ့ အယ်လ်မာရီးယားအသင်းတို့ ပွဲစဉ်မှာတော့ ဆီဗီလာအသင်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၅ | ၂၂၀၅ | ၂၁၉၅ | ၂၁၆၅ | ၂၂၀၀ | ၂၂၂၅ | ၂၂၁၀ | ၂၁၉၀ | ၂၂၈၅ | ၂၃၀၀ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၀ | ၂၈၁၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၀ | ၂၂၉၅ | ၂၂၇၅ | ၂၃၇၀ | ၂၃၉၀ | ၂၂၈၀ | ၂၂၉၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၃၀ | ၂၅၆၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၁၉၀ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၆၀ | ၂၂၂၅ | ၂၃၄၅ | ၂၃၄၀ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၈၀ | ၂၂၈၀ | ၂၅၁၀ | ၃၀၀၀ |
| HSD (50 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၂၀ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၆၀ | ၂၃၆၀ | ၂၅၉၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၂၇၀ | ၂၃၂၀ | ၂၃၂၀ | ၂၂၈၀ | ၂၃၂၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၁၀ | ၂၃၂၅ | ၂၃၅၅ | ၂၃၆၀ | ၂၃၆၀ | ၂၅၉၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၅ | ၂၁၂၀ |
| 95 Ron | ၂၁၂၉ | ၂၂၀၅ |
| HSD (500 ppm) | ၂၀၈၅ | ၂၁၅၆ |
| HSD (50 ppm) | ၂၁၅၉ | ၂၂၃၁ |
| HSD (10 ppm) | ၂၁၅၉ | ၂၂၃၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)




## အိပ်မက်ကောင်းကင် လူငယ်ဝတ္ထုတိုများ စာအုပ်ထွက်ရှိ

နေပြည်တော် မတ် ၁၃

ဇင်(ရန်ကုန်တက္ကသိုလ်) ရေးသားသည့် အိပ်မက်ကောင်းကင် လူငယ်ဝတ္ထုတိုများ စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် လူငယ်များအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများအား တန်ဖိုးထားမြတ်နိုးပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်သူများ ဖြစ်လာကြစေရန်၊ ဉာဏ်ရည်၊ ဉာဏ်သွေးမြင့်မားလာစေရန်၊ အသိပညာ၊ ဗဟုသုတနှင့် ပြည့်စုံသည့် ထက်မြက်ထူးချွန်သူများအဖြစ် ဘက်စုံဖွံ့ဖြိုးတိုးတက် လာစေရန်နှင့် နှလုံးသားလှပသောလူငယ်များအဖြစ် အမိနိုင်ငံနှင့်လူမျိုးအကျိုး သယ်ပိုးစွမ်းဆောင်နိုင်သူများဖြစ်လာကြစေရန် ရည်ရွယ်ထုတ်ဝေခြင်းဖြစ်သည်။ အိပ်မက်ကောင်းကင် လူငယ်ဝတ္ထုတိုများစာအုပ်တွင် လူငယ်များ၏ လက်တွေ့ဘဝဖြစ်ရပ်မှန်များအပေါ် အခြေခံပြီးရေးဖွဲ့ထားခြင်းဖြစ်သည်။

ဘဝတွင် ကြုံတွေ့လာရသောအခက်အခဲ၊ ပြဿနာများကို ရင်ဆိုင်ကျော်လွှားရင်း ဘဝအားမာန်များဖြစ်ထွန်းလာအောင် ကြိုးစားရုန်းကန်ခဲ့ကြရသည့် လူငယ်များ၏ ပုံရိပ်များကို ဖော်ညွှန်းရေးဖွဲ့ထားခြင်းဖြစ်ရာ လူငယ်များအနေဖြင့်အကောင်းဆုံးဘဝများကို ပိုင်ဆိုင်ခွင့်ရရှိနိုင်စေရန် မိမိကိုယ်မိမိ ယုံကြည်မှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယရှိမှုနှင့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် မဆုတ်မနစ်ကြိုးစားသွားကြရန် လွန်စွာအရေးကြီးပါသည်။

အဆိုပါစာအုပ်ကို ရွှေဝက်ဝံစာပေ အမှတ် (တတ-၅၄/၂၅)၊ ၅၂(စီ)လမ်း၊ ၁၂၅ x ၁၂၆ လမ်းကြား၊ (စ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့မှ ထုတ်ဝေထားပြီး တန်ဖိုးငွေကျပ် ၄၀၀၀ ဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## စူပါပါဝါပြိုင်ပွဲနှင့် AI နည်းပညာစာအုပ် ဖြန့်ချိရောင်းချ

နေပြည်တော် မတ် ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဒေါက်တာတင်ဘုန်းကျော်၏ **"စူပါ ပါဝါပြိုင်ပွဲနှင့် AI နည်းပညာ"** စာအုပ်ကို ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

အဆိုပါ စာအုပ်သည် မူရင်းစာရေးဆရာ Michael Kanaan ၏ T Minus AI ကို ဒေါက်တာတင်ဘုန်းကျော်က ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။ စာအုပ်တွင် (၁) အသိဉာဏ်ဆင့်ကဲ တိုးတက်လာခြင်း (၂) နှစ်ဆယ့်တစ်ရာစုတွက်ချက်မှုနှင့် AI နည်းပညာ (၃) AI နည်းပညာ၏ အချုပ်အခြာပိုင်စိုးမှုဟူ၍ အပိုင်းသုံးပိုင်းပါရှိကာ ရှင်းလင်းတိကျစွာ ဖတ်ချင်စဖွယ်ဖြစ်အောင် ပြန်ဆိုရေးသားထားသည့်စာအုပ်ဖြစ်သည်။

ထို့ကြောင့် စာဖတ်သူတို့အား AI နှင့်ပတ်သက်သည့် ဗဟုသုတများစွာ ပေးစွမ်းနိုင်ရုံသာမက ကွန်ပျူတာနှင့် သတင်းအချက်အလက်နည်းပညာ ဗဟုသုတများကိုပါ တစ်ပါတည်းပေးစွမ်းနိုင်သော စာအုပ်ဖြစ်သည်။ ထို့ပြင် လူသားတို့၏သမိုင်းမှ အစပြု၍ ပထဝီနိုင်ငံရေးမှ အာဏာနိုင်ငံရေးအဆုံး ကဏ္ဍပေါင်းစုံတွင် AI နည်းပညာ၏ ကျယ်ပြန့်စွာ သက်ရောက်မှုနှင့် အနာဂတ်အလားအလာများကို ထိထိမိမိနှင့် ကွက်ကွက်ကွင်းကွင်းမြင်အောင် ဖော်ပြနိုင်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ရောင်းဈေး ငွေကျပ် ၆၀၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်း နှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့အနယ်နယ်ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ပါသည်။ လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈) သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

○ MFF ဖူဆယ်လိဂ်-၁ မှ

အနိုင်ရပြီး Dream Team အသင်းနှင့် MFF ယူ-၁၈ အသင်းတို့ လေးဂိုးစီ သရေကျခဲ့သည်။

ပွဲစဉ်(၅)အပြီးတွင် VUC အသင်းနှင့် လက်ရှိချန်ပီယံ MIU အသင်းတို့ ငါးပွဲစလုံးအနိုင်ရကာ ရမှတ် ၁၅ မှတ်စီ ရထားသော်လည်း VUC အသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ ယင်းနှစ်သင်းနောက်တွင် Generations အသင်းနှင့် Dream Team အသင်းတို့က ရမှတ် ၁၀ မှတ်စီ၊ AKG အသင်းက ရမှတ် ကိုးမှတ်၊ ဖူဆယ်ချစ်သူအသင်းက ရမှတ် ခြောက်မှတ်၊ Winner Soccer အသင်းနှင့် MFF ယူ-၁၈ အသင်းတို့က ရမှတ်လေးမှတ်စီရရှိထားကာ Futsal-19 အသင်းနှင့် AMM Brothers အသင်းတို့မှာ ရမှတ်မရရှိသေးပေ။

ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ်(၆)ကို မတ် ၁၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ကိုညီလေး

## ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှထွက်ရှိသော ကော်ဖီတန်ချိန် ၁၀၀ ကျော်ကို အာရှနှင့်ဥရောပနိုင်ငံများသို့ တင်ပို့သွားမည်

ပြင်ဦးလွင် မတ် ၁၃

ယခုနှစ်ကော်ဖီရာသီတွင် ပြင်ဦးလွင်နှင့် နောင်ချိုဒေသတို့မှ ထွက်ရှိသော မြန်မာကော်ဖီတန်ချိန် ၁၀၀ ကျော်ကို ပြည်ပနိုင်ငံများဖြစ်သည့် အာရှနှင့်ဥရောပနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်နှင့် နောင်ချိုဒေသ ကော်ဖီအသင်းထံမှ သိရသည်။



"ဒီနှစ်မှာ ကော်ဖီဈေးကွက်ကောင်းမယ်လို့ မျှော်လင့်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ကော်ဖီက ဒီနှစ်မှာတန်ချိန် ၁၀၀၀၀ တင်ပို့သွားမှာပါ။ အဲဒီတန်ချိန် ၁၀၀၀၀ ထဲကမှ ပြင်ဦးလွင်နဲ့ နောင်ချိုဒေသအနေနဲ့ပြောမယ်ဆိုရင် အခုနှစ်မှာ ကော်ဖီကို ကွန်တိန်နာ ငါးလုံးတင်ပို့သွားဖို့ရှိတယ်။ တန်နဲ့ဆိုရင် ၁၀၀ ကျော်လောက်ပါ။ တန်ချိန်များရင်လည်း များသွားနိုင်ပါတယ်။ အရင်တုန်းက ကော်ဖီတစ်ပိဿာကို ကျပ် ၂၀၀၊ ၃၀၀ ပဲရပါတယ်။ ခုချိန်မှာတော့ တစ်ပိဿာကို ကျပ် ၃၀၀၀ ကနေ ၃၈၀၀ ထိ ပေးတယ်လို့ ကြားသိရပါတယ်။ ခုချိန် ထိုင်းနိုင်ငံကနေ အပြိုင်အဆိုင်ဝယ်ကြတော့ ပြည်တွင်းကော်ဖီတောင်သူတွေအနေနဲ့ ရင်းနှီးမြှုပ်နှံရတာ အကျိုးရှိလာပါတယ်။ ကော်ဖီဈေးကွက်က ရှိနေပါပြီ။ မြန်မာ့ကော်ဖီက ထွက်သလောက်ရောင်းချနေရပါတယ်။ ကော်ဖီကို ပြည်တွင်းဖြန်းအားအနေနဲ့လည်း တိုးတက်လာပါတယ်။ ကော်ဖီကောင်းသောက်တဲ့သူတွေ ပေါ်လာပါပြီ။ ပြည်တွင်းထွက်ကုန်ဖြစ်တဲ့အတွက် သွင်းကုန်နဲ့စာရင် ဈေးနှုန်းယှဉ်ပြိုင်နိုင်ပါတယ်" ဟု ပြင်ဦးလွင်နှင့် နောင်ချိုဒေသ ကော်ဖီအသင်းဥက္ကဋ္ဌ ဦးရဲမြင့်က ပြောသည်။

မြန်မာနိုင်ငံအတွင်း ကော်ဖီစိုက်ဒေသများအလိုက် အရည်အသွေးမြင့်အထူးတန်းဝင်ကော်ဖီကို အများဆုံးစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး ထွက်ရှိလာသည့် ကော်ဖီများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ကော်ဖီများမှာ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလတို့တွင် လှိုင်လှိုင်ပေါ်လေ့ရှိပြီး ရိတ်သိမ်းနေပြီဖြစ်သည်။

ယင်းကော်ဖီများကို ဧပြီလနှင့် မေလတို့မှ စတင်ပြီး Export အနေဖြင့် အမေရိကား၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ ပြင်သစ်၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ ဆွစ်ဇာလန်၊ ထိုင်းနှင့် တရုတ်နိုင်ငံတို့သို့ ယခုနှစ်ရာသီတွင် ကော်ဖီတန်ချိန် ၁၀၀ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အဆိုပါ ကော်ဖီများကို ပြီးခဲ့သည့်နှစ်ကော်ဖီရာသီချိန်တွင် Export အနေဖြင့် ပြည်ပနိုင်ငံများသို့ တန်ချိန် ၅၀၀၀ တင်ပို့နိုင်ခဲ့ကြောင်း၊ ထွက်သည့်ကော်ဖီများလည်း လက်ကျန်မရှိ ရောင်းချခဲ့ရကြောင်း၊ ယခုနှစ် ကော်ဖီရာသီတွင်လည်း တန်ချိန် ၁၀၀၀၀ တင်ပို့သွားမည်ဖြစ်ပြီး ပြင်ဦးလွင်နှင့် နောင်ချိုဒေသ ကော်ဖီအသင်းအနေဖြင့် တန်ချိန် ၁၀၀ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဈေးနှုန်းများအနေဖြင့် ကော်ဖီတစ်တန်လျှင် ဒေါ်လာ ၈၀၀၀ ဈေးနှုန်းအထိရှိနေကြောင်း သိရသည်။

မောင်အေးချမ်း

## ဖျာပုံမြို့နယ် ဇင်းဘောင်ကျေးရွာ၌ ဆီထွက်သီးနှံ ဆောင်းနေကြာစံကွက်ရိတ်သိမ်းပွဲ ပြုလုပ်

ဖျာပုံ မတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဇင်းဘောင်ကျေးရွာ တောင်သူဦးမောင်မောင်သိန်း၏ ကွင်းအမှတ်(၄၀၇- A)၊ ဦးပိုင်အမှတ်(၁/၃၈)၊ ဧရိယာ ၁၀ ဧကရှိ စိုက်ခင်း၌ ဆီထွက်သီးနှံ ဆောင်းနေကြာရေဆင်းစပ်မျိုး(၁)မျိုးစေ့ထုတ်စိုက်ခင်းတွင် စံကွက်ရိတ်သိမ်းပွဲကို မတ် ၁၃ ရက်နံနက် ၉ နာရီက ပြုလုပ်သည်။

ထိုသို့ ဆီထွက်သီးနှံဆောင်းနေကြာစံကွက်ရိတ်သိမ်းပွဲသို့ ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်၊ ခရိုင်နှင့် မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုအားပေးသည်။

ဇင်းဘောင်ကျေးရွာတောင်သူ ဦးမောင်မောင်သိန်း၏ ၁၀ ဧကရှိ လယ်မြေတွင် ဆီထွက်သီးနှံဆောင်းနေကြာစံကွက် ရိတ်သိမ်းခြွေလှေ့ပြီး တစ်ဧကလျှင်နေကြာ ၂၂ ဒသမ ၇၈ တင်းထွက်ရှိပြီး ဖျာပုံမြို့နယ်အနေဖြင့် ၂၀၂၃ ခုနှစ်အတွင်း ဆီရိက္ခာဖူလုံစေရန်အတွက် ဆီထွက်သီးနှံဆောင်းနေကြာ ၅၆၄ ဧက စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။



၂၀၇

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၄၂၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၁၃-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၄၂၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦးတွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၀၃,၄၅၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၃,၉၅၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၄၅၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦးရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကျောင်းကုန်းမြို့ ဓမ္မသဟာယမဥ္ဇူရိသာသနာ့ဗိမာန်တော်ကြီး ကျောင်းလွှတ်ပူဇာ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



ပုသိမ် မတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့ အမှတ်(၂)ရပ်ကွက်အတွင်း ကိန်းဝပ်စံပယ်တော်မူသော မြို့၏ကျက်သရေဆောင် သမိုင်းဝင်မျက်ရှင်တော်ပြည်လုံးချမ်းသာဘုရားကြီး ပရိဝုဏ်အတွင်း အလှူရှင်များ၏ ကောင်းမှုဖြင့်ဆောက်လုပ်လှူဒါန်းပြီးစီးသော ဓမ္မသဟာယမဥ္ဇူရိဗိမာန်တော်ကြီး ကျောင်းလွှတ်ပူဇာ ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တိုင်းဒေသ ကြီး ဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဓမ္မသဟာယမဥ္ဇူရိဗိမာန်တော်ကြီး ကျောင်းလွှတ်ပူဇာ ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပရာ "နမောတဿ" မဟာပဋ္ဌာနဘုရားရှိခိုးဖြင့် သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး စစ်ကိုင်းမြို့ မဟာသုဇောဓာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသထံမှ ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ် တပည့်ဒါယကာ၊ ဒါယိကာမများက ငါးပါးသီလခံယူဆောက်တည်ခဲ့ကြကာ ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုခဲ့ကြသည်။

ယင်းနောက် ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာနန္ဒမာလာဘိဝံသနှင့် ဆရာတော် သံဃာတော်အရှင်သူမြတ်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများက လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ အလှူရှင်များက ဓမ္မပူဇာအလှူငွေများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ် တပည့်ဒါယကာ၊ ဒါယိကာမများက အနုမောဒနာတရားနာကြား၍ ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်သွန်းချဆုတောင်းအမျှပေးဝေခဲ့ပြီး ဓမ္မသဟာယမဥ္ဇူရိသာသနာ့ဗိမာန်တော်ကြီး ကျောင်းလွှတ်ပူဇာ ရေစက်ချအလှူတော်မင်္ဂလာ အောင်ပွဲထွက်တင်အခမ်းအနားအား "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်သံပြိုင်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့ပြီး နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသ၌ ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ ပါခီးဓာတ်အားခွဲရုံဖွင့်

ကျေးသီး မတ် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ဝမ်ဟိုင်းဒေသ၌ မတ် ၁၂ ရက် နံနက် ၈ နာရီခွဲက ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ ပါခီးဓာတ်အားခွဲရုံ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



ဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဝမ်ဟိုင်းဒေသရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်အတွက် ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံကြီးကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် ဖြန့်ဖြူးရေးထရန်စဖော်မာများ တည်ဆောက်ပေးထားပြီးဖြစ်၍ လာမည့်ဘဏ္ဍာနှစ်တွင် ကျန်ရှိနေသေးသည့် ကျေးရွာများအထိ ချိတ်ဆက်ဓာတ်အားဖြန့်ဖြူးပေးနိုင်အောင် စီမံကိန်းများ ဆက်လက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ တည်ငြိမ်အေးချမ်းမှုရှိအောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသည့် တိုင်းရင်းသားခေါင်းဆောင်များနှင့်အတူ တိုင်းရင်းသားညီအစ်ကို မောင်နှမအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ ပါခီးဓာတ်အားခွဲရုံ တည်ဆောက်ခဲ့မှုနှင့်ပတ်သက်၍ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းဝဏ္ဏက ရှင်းလင်းတင်ပြပြီး ဝမ်ဟိုင်းဒေသခံတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ပါခီးဓာတ်အားခွဲရုံ ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပြည်နယ်ဝန်ကြီးချုပ်က ဝမ်ဟိုင်းဒေသ တာဝန်ရှိသူတစ်ဦးအား ပေးအပ်ပြီး ဝမ်ဟိုင်းဒေသတာဝန်ခံက ပြည်နယ်ဝန်ကြီးချုပ်နှင့် အရှေ့အလယ် ပိုင်းတိုင်း တိုင်းမှူးအား အမှတ်တရပစ္စည်း ပြန်လည်ပေးအပ်သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ ပါခီးဓာတ်အားခွဲရုံအား ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးချုပ်တင်ကိုကို၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးစိုင်းသော်ဝင်း၊ ဝမ်ဟိုင်းဒေသမှ တာဝန်ရှိသူများနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းဝဏ္ဏတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာချုပ်ဦးထွန်းဝဏ္ဏက ပါခီးဓာတ်အားခွဲရုံ Control ခန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ၆၆/၁၁ ကေဗွီ (၅)အမ်ဗွီအေ ပါခီးဓာတ်အားရုံအား စက်ခလုတ်နှိပ်၍ ဓာတ်အားလက်ခံရယူပြီး အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းက ၁၁ ကေဗွီ ပါခီးဖီဒါအား စက်ခလုတ်နှိပ်၍ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မော်လမြိုင်မြို့ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၃

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေး၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားပြီး ဆေးရုံတက်လူနာများကို အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ၊ တိုင်းမှူးများနှင့် အဖွဲ့ဝင်များသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် မတ် ၁၃

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## သာသနာတော်နှစ် ၂၅၆၆ - ၂၅၆၇ ခုနှစ် သက္ကရာဇ် ၁၃၈၄ - ၁၃၈၅ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်- နှစ်ဆန်း(၁) ရက်နှင့် ဝါဆို- ဝါကပ်- လ- ရက်နှင့် နေ့များ

၁။ **မဟာသင်္ကြန် အကျရက်**
- ဇေယတု-မြန်မာသက္ကရာဇ်- ၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၁၀)ရက်
- ရခိုင်သက္ကရာဇ်-၁၃၈၄ ခုနှစ် ပထမတာကူးလပြည့်ကျော် (၁၀)ရက်
- ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁၄) ရက်၊ သောကြာနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် စံတော်ချိန် ညနေစက် ၆- နာရီ၊ ၁၂- မိနစ်၊ ၈-စက္ကန့်အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန်အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၁၁)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ပထမတာကူးလပြည့်ကျော် (၁၁)ရက်
- ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ဧပြီလ(၁၅)ရက်၊စနေနေ့သည် မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော်(၁၂)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၄ ခုနှစ်၊ ပထမတာကူးလပြည့်ကျော် (၁၂)ရက်
- ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၆)ရက်၊ တနင်္ဂနွေနေ့ မြန်မာစံတော်ချိန် ညစက် ၁၀ -နာရီ၊ ၁၆-မိနစ်၊ ၄၉-စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ - ရခိုင် - နှစ်ဆန်း (၁) ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဦးတန်ခူးလပြည့်ကျော် (၁၃)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ပထမတာကူးလပြည့်ကျော် (၁၃)ရက်
- ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဧပြီလ (၁၇)ရက်၊ တနင်္လာနေ့သည် မြန်မာ-ရခိုင် နှစ်ဆန်း(၁) ရက်နေ့ ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို-ဝါကပ်-လ-ရက်များ**

ဤ ၁၃၈၅ ခုနှစ်တွင် အဓိမာသနှင့် အဓိဟာကိန်းကြုံသော် လထပ်ရက်ငင်ဝါကြီးထပ်သော နှစ်ဖြစ်ပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်းရဟန်း အရှင်သူမြတ်တို့မှာ မြန်မာသက္ကရာဇ်-၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁)ရက်၊ ရခိုင်သက္ကရာဇ် -၁၃၈၅ ခုနှစ် ဝါဆိုလပြည့်ကျော် (၁)ရက်၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ(၂)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာသက္ကရာဇ် - ၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၁)ရက်၊ ရခိုင်သက္ကရာဇ်-၁၃၈၅ ခုနှစ် ဝါခေါင်လပြည့်ကျော်(၁)ရက်၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်၊ သောကြာနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

| ဦးပညိန္ဒ | ဦးအောင်ချစ် | ဦးပြေငြိမ်း |
|---|---|---|
| ဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ(၁) | ဒုတိယဥက္ကဋ္ဌ(၂) |

## ဗုဒ္ဓဘာသာနှင့်ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်

နေပြည်တော် မတ် ၁၃

ယဉ်ကျေးလိမ္မာသည့် သားကောင်း၊ သမီးကောင်းများအဖြစ် သာမက မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွက် အကျိုးပြုနိုင်ပြီး ဘာသာ၊ သာသနာကို အရှည်တည်တံ့ တိုးတက်ခိုင်မြဲအောင် ဆောင်ရွက်နိုင်သည့် နိုင်ငံ့သားကောင်း၊ သမီးကောင်းရတနာများ ဖြစ်ရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းကို ယနေ့နံနက်ပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်အပါအဝင် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးရှိ သတ်မှတ်နေရာများ၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးရှိ တပ်ရင်း/တပ်ဖွဲ့များရှိ သတ်မှတ်နေရာများ၌လည်းကောင်း ပြုလုပ်ရာ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးက ကျောင်းသူတစ်ဦးအား ယဉ်ကျေးလိမ္မာသင်ခန်းစာ စာအုပ်ပေးအပ်စဉ်။

**ပေးအပ်**

ဦးစွာ တိုင်းမှူးများက သင်တန်းဖွင့်အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများက သင်တန်းအထောက်အကူပြု ပစ္စည်းများ ပေးအပ်ကြရာ သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

အဆိုပါ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးလိမ္မာသင်တန်းများကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်တွေတပ်နယ် အပါအဝင် ကွပ်ကဲမှုအောက် တပ်နယ် အသီးသီးရှိ သင်တန်းသား သင်တန်းသူစုစုပေါင်း ၁၆၁၅ ဦး ဖြင့် မတ် ၂၄ ရက်အထိ လည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးရှိ တပ်ရင်း/တပ်ဖွဲ့များရှိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၁၄၀ ဖြင့် ဧပြီ ၇ ရက်အထိလည်းကောင်း ဖွင့်လှစ် သင်ကြားပေးသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ထန်းတပင်မြို့နယ်၌ ငါးမွေးမြူရေး နည်းပညာပေးသင်တန်းဖွင့်လှစ်

ထန်းတပင်(ရန်ကုန်) မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေး နည်းပညာပေးသင်တန်းများကို တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ထန်းတပင်မြို့နယ် စံကင်းကြီးကျေးရွာ၌ ငါးမွေးမြူရေးနည်းပညာပေးသင်တန်းကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးတင့်လွင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးတို့က အဖွင့်အမှာစကားပြောကြားကြပြီး သင်တန်းမှတ်စုများကို တက်ရောက်လာကြသည့် ငါးမွေးတောင်သူများ ထံသို့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထန်းတပင်မြို့နယ်တွင် ငါးမွေးမြူရေးနည်းပညာပေးသင်တန်းကို တစ်ရက်တာဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ ငါးမွေးမြူရေးတောင်သူ ၅၀ တက်ရောက်ခဲ့ကြသည်။ သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးတင့်လွင်၊ လှော်ကားငါးလုပ်ငန်းစခန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးမော်၊ အင်းစိန်ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလေးနိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးနေဝင်းအောင်တို့က အခြေခံငါးမွေးမြူရေးဆိုင်ရာများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)



# မုံရွာဒေသထွက် သရက်သီးစိမ်း(ခေါ်) သရက်ကင်းများ ဈေးကောင်းရ



မုံရွာ မတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အညာဒေသ၌ မတ်လပိုင်းတွင် သရက်သီးစိမ်း (ခေါ်) သရက်ကင်းများ စတင်ပေါ်နေပြီဖြစ်ရာ ရာသီစာအဖြစ် စားသုံးသောကြောင့် သရက်ကင်း ဈေးကောင်းရရှိကာ ဝင်ငွေတိုးနေကြောင်း သရက်စိုက်ပျိုးသူများထံမှ သိရသည်။

ယခုအချိန်တွင် ကုန်စိမ်းဈေးကွက်သို့ သရက်သီးစိမ်း(ခေါ်) သရက်ကင်းဈေးမှာ အသီးအနေအထားပေါ်မူတည်၍ သရက်သီး ၁၀ လုံးလျှင် အနိမ့်ဆုံးငွေကျပ် ၁၀၀၀ မှ ၁၅၀၀ နှုန်းဖြင့် လက်လီရောင်းချရကြောင်း၊ သရက်ကင်း တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ မှ ၁၀၀၀၀ နှုန်းဖြင့် ပွဲစားများက ခြံအရောက်လာရောက်ဝယ်ယူမှုများလည်းရှိကြောင်း၊ စိုက်ပျိုးသောသရက်မျိုးများမှာ ဟသ်ာ၊ ရွှေပို၊ လက်ခုတ်၊ ဝါဆို၊ စိန်တစ်လုံး၊ ပတ္တမြားငမောက်၊ မချစ်စု၊ ပန်းဆွဲသရက် စသည့်မျိုးခွဲအစုံ စိုက်ပျိုးကြကြောင်း သိရသည်။

# မိတ္ထီလာခရိုင်၌ အကျိုးအမြတ်များစွာရရှိသည့် နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုး

မန္တလေး မတ် ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ပြည်တွင်းစားသုံးဆီ ဖူလုံပိုလျှံရေးအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆီထွက်သီးနှံ နေကြာကို မိတ္ထီလာ၊ သာစည်၊ မလှိုင်၊ ဝမ်းတွင်း စသည့် မြို့နယ်များတွင် မိုးနေကြာ ၃၇၂၃ ဧကနှင့် ဆောင်းနေကြာ ဧက ၉၇၂၀ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးသည့် နေကြာမျိုးကွဲများမှာ ဆင်းရွှေကြာ-၂၊ ရေဆင်း(၁) စပ်မျိုးနှင့် Black Sunflower မျိုးများကို သီးသန့်စိုက်ခင်းများဖြင့် လည်းကောင်း၊ အခြားသီးနှံများနှင့်ရော၍ ပင်ကြား၊ တန်းကြား သီးညှပ်စိုက်ပျိုးခြင်းဖြင့် လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာ၊ မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ပေးမှုဖြင့် စိုက်ပျိုးကြောင်း သိရသည်။

## တိုးချဲ့စိုက်ပျိုး

တောင်သူများအနေဖြင့် မိုးနေကြာကို မိုးဦးကာလဖြစ်သော မေ၊ ဇွန် လများတွင် စိုက်ပျိုးကြသော်လည်း ယခုနှစ်တွင် မိုးနှောင်းကာလ ဩဂုတ်၊ စက်တင်ဘာလများအထိ တိုးချဲ့စိုက်ပျိုးကြသည်။ နေကြာစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းခန့်သာ ကုန်ကျပြီး တစ်ဧကအထွက်နှုန်းမှာ တင်း ၂၀ ကျော်ခန့်ထွက်ရှိပြီး လက်ရှိ နေကြာဈေးနှုန်းမှာလည်း တစ်တင်းလျှင် ငွေကျပ် ၃၅၀၀၀ ခန့် ရောင်းချရပြီး ဆီကြိတ်ရောင်းလျှင် နေကြာဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀၊ နေကြာဖတ် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ခန့် ရရှိသဖြင့် စီးပွားရေးအရ တွက်ခြေကိုက်၍ အကျိုးအမြတ်များစွာရရှိသဖြင့် လာမည့်နှစ်များတွင်လည်း နေကြာသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။ ■

# ပဲအသစ်များပေါ်ချိန် တောင်သူများ ဈေးကောင်းရ

အောင်လံ မတ် ၁၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်၌ ပဲအသစ်များ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးကောင်းရနေသည့်အတွက် တောင်သူများအဆင်ပြေသည်ဟု သိရသည်။ ဈေးကွက်သို့ ကုလားပဲ(HL)၊ ကုလားပဲ(မြကြေး)၊ ပဲကြီး၊ ဗိုလ်ကိတ်ပြာစသည့် ပဲအသစ်များ ဝင်ရောက်လာပြီး အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက စိုက်ပျိုးမှုနည်းသကဲ့သို့ အထွက်လည်း နည်းသည်။ စိုက်စရိတ်ကြီးမြင့်မှု၊ ပိုးကျမှု၊ လုပ်သားရှားပါးမှုတို့ကြောင့် စိုက်ပျိုးမှုနည်းကာ အထွက်နည်းခြင်းဖြစ်ကြောင်း သိရသည်။ ပဲကြီးဈေးမှာ တရုတ်ဝယ်လိုအားကြောင့် ပြီးခဲ့သည့်နှစ်ဈေးနှင့် နှိုင်းယှဉ်ပါက သိသိသာသာ ဈေးကောင်းရနေကာ ကုလားပဲနှင့် ဗိုလ်ကိတ်ပဲတို့လည်း ဈေးကောင်းရကြောင်း သိရသည်။

ကုလားပဲကို ပြည်တွင်းစားသုံးမှုများသည့်အတွက် ပဲခွဲစက်သမားများက အဝယ်ရှိနေပြီး ပဲကြီးကို ပြည်တွင်း ပဲကြော်လုပ်ငန်းများနှင့် တရုတ်မှ အဝယ်ရှိနေသဖြင့် ဈေးပိုမိုရရှိသည်။ ဗိုလ်ကိတ်ပဲကို ကြာဆံထုတ်လုပ်ရာတွင် အသုံးများသောကြောင့် ကြာဆံစက်များမှ ဝယ်လိုအားရှိပြီး ယခုနှစ်တွင် အသစ်ထွက်သည့်ပဲများ ဈေးကောင်းရရှိကြောင်း သိရသည်။

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန် (၁၂-၃-၂၀၂၃) ရက်နေ့ ကုန်သွယ်မှုအခြေအနေ

မူဆယ် မတ် ၁၃

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် (၁၂-၃-၂၀၂၃) ရက်နေ့တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၉၇ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၂ ဒသမ ၄၅၀ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၄ ဒသမ ၀၄၇ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ မြေပဲဆန် ၁၇၅ ဒသမ ၅ တန်၊ သခွားမွှေး ၁၀၆၆ တန်၊ ကြက်သွန်နီ ၅၀၇ ဒသမ ၃၁ တန်၊ ပဲတီစိမ်း ၂၀၈ ဒသမ ၅ တန်၊ ဖရဲသီး ၁၂၄၉ ဒသမ ၆ တန်၊ ငါးရှဉ့် ၃၄ ဒသမ ၇၆ တန်၊ ငရုတ်သီးစို ၂၄၄ ဒသမ ၅၁ တန်၊ ကဏန်း ၁၇ ဒသမ ၁၇၅ တန်၊ အလူမီနီယံသတ္တု ၃၄ ဒသမ ၅၂၃ တန်နှင့် နေလဲစေ့ ၈၄ ဒသမ ၁၈၀ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့်ယာဉ်ယန္တရားများ၊ သွပ်လိပ်၊ ကားတာယာ၊ လိမ္မော်သီး၊ ဒီဇယ်ဆီ၊ စတီးပြား၊ သံချောင်း၊ ကိတ်ပြုလုပ်ရာတွင်သုံးသည့် ခရင်မှုန့်နှင့် တစ်သျှူးစက္ကူတို့ဖြစ်သည်။

မတ် ၁ ရက်မှ ၁၂ရက်အထိ ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၂၉ ဒသမ ၅၉၇ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁၅ ဒသမ ၃၉၃ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၄၄ ဒသမ ၉၉သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်းတစ်ယွမ်လျှင် ၃၀၃ ဒသမ ၁၁၅ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။



သတင်းအရင်းအမြစ်
စီးပွား/ကူးသန်း

## ၁၃-၃-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၇၀၀ | | ၁၅၅၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၄၂၀၀ | ၃၅၀၀ | ၂၃၀၀ | ၁၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၈၅၀၀၀၀ |
| ၂ | လားရှိုး | ၂၂၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၇၀၀၀ | ၄၅၀၀ | ၃၀၀၀ | ၂၀၀၀ | ၇၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၅၀၀ | ၂၀၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၈၀၀၀ | ၈၀၀၀ | ၂၈၄၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၀၀၀ | | ၁၆၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၅၃၀၀ | | ၁၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၀၀၀၀ | ၂၈၄၅၀၀၀ |
| ၄ | တောင်ကြီး | ၂၅၀၀ | ၂၃၅၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၂၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၆၀၀ | ၉၀၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၃၂၀၀ | ၁၂၅၀၀ | ၁၇၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၂၈၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၄၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၁၈၀၀ | ၆၀၀ | ၇၅၀၀ | ၅၅၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၉၀၀၀ | ၂၈၆၀၀၀၀ |
| ၆ | ဘားအံ | ၂၂၀၀ | | ၁၂၀၀၀ | ၇၂၀၀ | ၁၃၅၀၀ | ၁၈၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၆၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၈၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၈၆၀၀၀၀ |
| ၇ | မော်လမြိုင် | ၂၃၅၀ | | ၁၃၅၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၅၃၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၀၀၀ | ၈၆၀၀ | ၁၇၀၀၀ | ၁၆၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၂၀၀ | ၁၈၀၀ | ၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၂၀၀ | ၂၉၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | | ၂၈၂၃၀၀၀ |
| ၉ | မြိတ် | ၂၆၅၀ | | ၁၅၀၀၀ | ၆၆၀၀ | ၁၆၀၀၀ | ၁၈၀၀ | ၆၇၀၀ | ၅၀၀၀ | ၃၆၀၀ | ၃၀၀၀ | ၈၀၀ | ၆၉၀၀ | ၅၇၀၀ | ၅၀၀၀ | ၂၉၀၀ | ၂၉၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | | ၂၈၄၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀ | ၇၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၁၁ | ပုသိမ် | ၂၂၀၀ | | ၁၄၀၀၀ | ၆၉၀၀ | ၁၂၀၀၀ | ၁၄၀၀ | ၅၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၀၀၀၀၀ |
| ၁၂ | စစ်တွေ | ၂၆၀၀ | ၂၄၀၀ | ၁၁၅၀၀ | ၈၅၀၀ | ၁၅၀၀၀ | ၁၈၀၀ | ၇၀၀၀ | ၄၈၀၀ | ၃၀၀၀ | ၃၀၀၀ | ၆၀၀ | ၈၀၀၀ | ၄၈၀၀ | ၂၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၈၄၀၀၀၀ |
| ၁၃ | ဟားခါး | ၃၅၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၂၀၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | | ၉၀၀၀ | ၂၉၀၀၀၀၀ |
| ၁၄ | မုံရွာ | ၂၉၅၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၁၅၀၀ | ၆၀၀၀ | ၅၃၀၀ | ၅၃၀၀ | ၁၇၀၀ | ၇၀၀ | ၆၄၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၇၉၀၀၀၀ |
| ၁၅ | မန္တလေး | ၂၃၀၀ | ၁၆၀၀ | ၁၂၅၀၀ | ၇၂၀၀ | ၂၀၀၀၀ | ၁၈၀၀ | ၃၂၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၇၁၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၇၉၇၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၇၀၀ | | ၁၁၅၀၀ | ၇၁၀၀ | ၁၆၀၀၀ | ၁၃၀၀ | ၆၈၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၆၀၀ | ၄၀၀၀ | ၂၄၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၈၅၀၀၀၀ |
| ၁၇ | မကွေး | ၂၅၅၀ | | ၁၁၀၀၀ | ၇၁၀၀ | ၁၈၀၀၀ | ၁၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၈၃၅၀၀၀ |
| ၁၈ | ပြည် | ၂၀၀၀ | | ၁၂၅၀၀ | ၇၀၀၀ | ၂၅၀၀၀ | ၁၄၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၈၃၅၀၀၀ |
| ၁၉ | ပဲခူး | ၂၄၀၀ | | ၁၃၅၀၀ | ၇၄၀၀ | ၁၆၀၀၀ | ၁၆၀၀ | ၄၅၀၀ | ၄၅၀၀ | | ၂၀၀၀ | ၆၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၈၉၆၀၀၀ |
| ၂၀ | ပျဉ်းမနား | ၂၄၀၀ | | ၁၄၀၀၀ | ၇၀၀၀ | ၁၄၀၀၀ | ၁၃၀၀ | ၅၄၀၀ | ၄၂၀၀ | ၄၀၀၀ | ၁၈၀၀ | ၅၀၀ | ၇၂၀၀ | ၄၆၀၀ | ၃၈၀၀ | ၂၄၀၀ | ၃၁၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၂၁ | နေပြည်တော် | ၂၄၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၁၅၀၀ | ၅၆၀၀ | ၄၆၀၀ | ၄၂၀၀ | ၂၂၀၀ | ၅၀၀ | ၇၅၀၀ | ၄၆၀၀ | ၄၀၀၀ | ၂၆၀၀ | ၃၁၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၂၇၉၀၀၀၀ |
| ၂၂ | ကလေး | ၂၃၀၀ | ၂၁၀၀ | ၁၂၀၀၀ | ၈၀၀၀ | | ၁၈၀၀ | ၄၀၀၀ | ၅၀၀၀ | | ၁၅၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၂၉၇၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ပခုက္ကူတွင် ၂၀၀ ကျပ်၊ ငစိန်ဆန် တစ်ပြည်လျှင် စစ်တွေတွင် ၁၀၀ ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မကွေးတွင် ၁၀၀ ကျပ်၊ ပုသိမ်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၂၀၀ ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ရန်ကုန်တွင် ၂၀၀ ကျပ်၊ ပုသိမ်တွင် ၁၀၀ ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် ပခုက္ကူတွင် ၃၀၀ ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်စ) တစ်ပိဿာလျှင် မြိတ် နှင့် နေပြည်တော်တွင် ၂၀၀ ကျပ်၊ ပခုက္ကူတွင် ၅၀၀ ကျပ်၊ ကုလားပဲ တစ်ပိဿာလျှင် လားရှိုး နှင့် လွိုင်ကော်တွင် ၅၀၀ ကျပ်၊ မြိတ်တွင် ၂၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် ပျဉ်းမနားနှင့်နေပြည်တော်တွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ဧည့်မထဆန် တစ်ပြည်လျှင် မော်လမြိုင်တွင် ၅၀ ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် တောင်ကြီး နှင့် ပဲခူးတွင် ၁၀၀ ကျပ်၊ မုံရွာတွင် ၂၀၀ ကျပ်၊ ပြည်တွင် ၃၀၀ ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မော်လမြိုင်နှင့် ပခုက္ကူတွင် ၁၀၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် တောင်ကြီးတွင် ၅၀၀ ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီးတွင် ၅၀၀ ကျပ်၊ ပျဉ်းမနားတွင် ၂၀၀ ကျပ်၊ ဆား တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀ ကျပ်၊ မြေပဲ တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ ကျပ်၊ ကုလားပဲ တစ်ပိဿာလျှင် ပခုက္ကူတွင် ၄၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် စစ်တွေတွင် ၅၀၀ကျပ် ဈေးကျခဲ့ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်-၁၀၁၉ ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၁၀၁၉)၊ မြေအကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူ ဦးမောင်မဲ [၁၂/အစန(နိုင်)၀၁၁၇၇၂]မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ်ပြုလုပ်ရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအိမ်မြေအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန်းနီလာချစ်ဆွေ** (LL.B,D.B.L,D.I.L,D.I.P.L) အထက်တန်းရှေ့နေ(စဉ်-၃၉၅၆၁)

**ဒေါ်ယွန်းသန္တာအောင်** (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၁၂၇)

**အမှတ်(၁၇၁)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၅၄၇၁၂၈၊ ၀၉-၇၅၅၄၉၁၂၄၄**

## ပျောက်ဆုံးကြောင်း

ဦးဇော်ဝင်းအောင် [၁၂/ကတတ(နိုင်)၀၂၅၃၈၅]၏ Passport (MA307589)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-264880820**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ မနှင်းအေးဝေ[၁၃/ကလန(နိုင်)၁၂၇၈၆၂]၏ ဖခင်အမည်မှန်မှာ ဦးဝင်းမြင့်(ခ) ဦးမျိုးမင်းကြည်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဝင်းမြင့်(ခ)**
**ဦးမျိုးမင်းကြည်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)၊ မြေကွက်အမှတ်(၃၉၀) ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀x၆၀)ပေ၊ ဧရိယာ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဒေါ်လှလှဌေး [၁၂/လမန(နိုင်)၀၃၂၆၅၈]က အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးလေးမြတ် [၁၂/အစန(နိုင်)၀၇၅၆၀၈]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးလေးမြတ်၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သူဇာအောင် (LL.B, D.I.L, Dip in HR)** တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၉၅၀) ဖုန်း-၀၉-၆၉၂၂၂၀၁၀၀

**ဒေါ်ခင်အေးဝင်း (LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၂၅၈၂) ဖုန်း-၀၉-၇၉၆၇၆၄၈၉၈

**အမှတ်-၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း (ဘ) ဦးညွန့်မောင်၏သား ဦးဌေးအောင် [၁၂/သဃက(နိုင်)၀၄၈၈၇၁]နှင့် အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ ညောင်ဝိုင်းကျေးရွာအုပ်စု၊ မြိုင်သာယာ (၃) နေ (ဘ) ဦးတင်မောင်၏သား ဦးသန်းထွန်း [၁၂/ကတန(နိုင်)၀၅၄၂၃၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျောက်တန်းမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၇-၆-၂၀၂၂)ရက်နေ့က ဦးသန်းထွန်းမှ(ဘ)ဦးညွန့်မောင်၏သား ဦးဌေးအောင်သို့ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-(၃၃/၂၀၂၂)ဖြင့် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယခု ဤကြော်ငြာပါရှိသော နေ့ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဦးဌေးအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ဆန်းဦး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၃၃၉၄၈)**
**အမှတ် (၅၅)၊ အခန်း (၂၇)၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၇၄၉၃၅၃၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉-A)၊ မေတ္တာလမ်း၊ မြေကွက်အမှတ်(၄၁၂)၊ ခြေရင်းခြမ်း၊ မြေကွက်အမှတ်(၄၀၉)နှင့် ကပ်လျက်ဘက်အခြမ်းရှိ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ) နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ခင်သိန်း(WAW-၀၀၃၉၁၅) [၁၂/ရကန(နိုင်)၀၃၇၇၉၅]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင်တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ တကောင်း (၂)လမ်း၊ မြေကွက်အမှတ်(၄၆/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC နှစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်ဆုမွန်ဖြိုး [၇/ဖမန(နိုင်)၁၈၆၈၆၆]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့စကားကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၁၁**

## မော်တော်ကား 4D-9005 Beltaနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

ပန်းဘဲတန်းမြို့နယ်တရားရုံး၊ ရာဇသတ်ကြီးပုဒ်မ-၄၂၀ တရားလို ဒေါ်ဘေဘီမြင့်နှင့် တရားခံဒေါ်သန္တာအောင်အမှုတွင် အမှုသည်ဖြစ်သည့် ဒေါ်ဘေဘီမြင့် မှတ်ပုံတင်အမှတ် [၁၂/ပဘတ(နိုင်)၀၂၃၉၇၆]မှ ပန်းဘဲတန်းမြို့နယ်တရားရုံးတွင် ကားကိုလိမ်လည်ခိုးယူမှုဖြင့် တရားစွဲဆိုထားရာ တရားခံဖြစ်သူသည် အပြီးသတ်အမိန့်ချခါနီးတွင် ထွက်ပြေးတိမ်းရှောင်နေ၍ ပန်းဘဲတန်းမြို့နယ် တရားသူကြီး ဒေါ်ကြည်ကြည်ဝင်းမှ ရာဇဝတ်အထွေထွေမှုအမှတ်-၄၄/၂၂အရ ထွက်ပြေးတရားခံအဖြစ် ကြေညာထားပါသည်။

သို့ဖြစ်ပါ၍ တရားရုံး၏အမိန့်တစ်စုံတစ်ရာမရရှိဘဲ အချင်းဖြစ်ကားအား လက်ရှိရယူထားသူမှ လွှဲပြောင်းရောင်းချခြင်း၊ ကားအမည်ပြောင်းခြင်း၊ လိုင်စင်အသစ်ဝင်ခြင်းတို့အား ပြုလုပ်ခွင့်မရှိကြောင်း သက်ဆိုင်ရာ က.ည.န ဦးစီးဌာနသို့ ကန့်ကွက်အကြောင်းကြားထားသည့်အပြင် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးသောင်း**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၄) (၂၁-၁-၁၉၇၀)**
**ဖုန်း-09-421031639**

## ပျောက်ဆုံးကြောင်း

ဦးလှစိန်(ဘ) ဦးအောင်သိန်း [၁၂/လမတ(နိုင်)၀၂၄၄၁၈] သင်္ဘောစက်လက်မှတ် နံပါတ် CED-1 0087/19.20 လက်မှတ်ခရီးသွားစဉ် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

**Ph:09-444089303**

## ပျောက်ဆုံးကြောင်း

ဦးလော်ထူး [၁၃/ကတန(နိုင်)၀၀၄၂၀၄]ကိုင်ဆောင်သူ ကျွန်ုပ်သည် ပတ်စ်ပို့နံပါတ် MD-663717 ဖြစ်သော ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph-09-255213185**

## ရောင်းချရန်ကြော်ငြာစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
## မင်္ဂလာဒုံခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၂

ဒေါ်မေမိုးသန္တာ နှင့် ၁။ ဦးချိုအေး
၂။ ဒေါ်ညိုညိုဝင်း

**(ဒီကရီအနိုင်ရသူ)** **(တရားရှုံးများ)**

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၊ ဒုတိယခရိုင်တရားသူကြီး(၆)ရုံး၏ ၂၀၂၀ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆၂ တွင် ရရှိခဲ့သော ဒီကရီအရ အောက်တွင်ဖော်ပြထားသောပစ္စည်းများကို ၂၀၂၃ ခုနှစ်၊ ဧပြီလ(၁၉)ရက်၊ နံနက်(၁၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကိုလေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိကသတ်မှတ်ထားသည့်စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်းနေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန်လေလံတင် ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ်၊ မတ်လ (၁၃) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**(ချစ်ကိုကို)**
**ခရိုင်တရားသူကြီး**
**မင်္ဂလာဒုံခရိုင်တရားရုံး**

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၁/၃)ရပ်ကွက်၊ ကာယ(၁၂)လမ်း၊ မြေကွက်အမှတ်(၄/၃၆၅)။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ (၁/၃)ရပ်ကွက်၊ ကာယ(၁၂)လမ်း၊ မြေကွက်အမှတ်(၄/၃၆၆)။

**လေလံကြမ်းခင်းဈေး- ကျပ်သိန်း(၂၇၅၀)**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၈)၊ မြေကွက်အမှတ်-၁၁၅၄၊ မြေကွက်တည်နေရာအမှတ်-၁၁၅၄၊ ပြည်ထောင်စုလမ်းမ၊ ၃၈ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ကြင်သန်း(S/OKA-၀၀၂၉၅၆) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် (မိခင်) ဒေါ်ကြင်သန်းနှင့်(ဖခင်)ဦးဖုန်းမြင့်တို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်သွယ်သွယ်ခိုင် [၁၂/ဒဂမ(နိုင်)၀၀၀၃၈၅]၊ ဦးဇော်ထွန်းနိုင်[၁၂/မရက(နိုင်)၁၂၀၈၂၈]တို့မှ ၎င်းတို့သားသမီး (၂)ဦးတို့ကိုသာ မွေးဖွားခဲ့ပြီး ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်မည်သူတစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်(ဖခင်) ဦးဖုန်းမြင့်၏ သေဆုံးမှုလက်မှတ်၊ (မိခင်) ဒေါ်ကြင်သန်း၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)၊ ဒေါ်ကျင်သန်း[၁၂/ဥကတ(နိုင်) ၀၂၇၆၉၆]နှင့် (S/OKA-၀၀၂၉၅၆)တို့မှာ တစ်ဦးတည်းကိုင်ဆောင်သောမှတ်ပုံတင်အမှတ်များဖြစ်ကြောင်း (၉-၁-၂၀၂၃)ရက်စွဲပါတောင်ဥက္ကလာပမြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ထောက်ခံချက်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)ရပ်ကွက်၊ ကျန်စစ်သားရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြေကွက်အမှတ်(၄/၂၀၄၄)ဟုခေါ်တွင်သော ဒေါ်လှရွှေ၏အမည်ဖြင့် ထွက်ရှိထားသည့် အကျယ်အဝန်း(အလျား ၂၅ပေx အနံ၅၀ပေ)ရှိ ပါမစ်မြေအမျိုးအစား မြေကွက်အပါအဝင် ၎င်းမြေကွက်နှင့် ပတ်သက်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးမောင်ဇော်(ခ)ANWAL[၁၂/ပဘတ(ပြု)၀၀၀၃၆၃]မှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်း၍ မိမိသာလျှင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မွန်ခန့်[၈/ခမန(နိုင်)၁၇၅၁၉၆]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့်** (LL.B,D.B.L,D.I.L,D.M.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)

**ဒေါ်ချယ်ရီဝင်း** (LL.B,DL-101,WIPO) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁)

**The Solution Power Legal Consultant and Investment Company Limited**

**အမှတ်(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၉၂၁၉၃၂၊ ၀၉-၅၀၉၈၉၄၂**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာ(၄)လမ်း၊ မြေကွက်အမှတ်(၁၉၈)ဟုခေါ်တွင်သော ဦးခင်မောင်သိန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစား၊ ဧရိယာအကျယ်အဝန်း (၀.၀၅၅)ဧက၊ (အလျား၄၀ပေxအနံ၆၀ပေ)ရှိ မြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းဘက်ခြမ်း(အလျား၂၀xအနံ၆၀ပေ)မြေကွက်အပါအဝင် ၎င်းမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးမျိုးသက်[၁၂/သဃက(နိုင်)၀၃၉၂၇၂]မှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ အရှုပ်အရှင်းကင်း၍ မိမိသာလျှင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်အောင်ကျော် [၁၂/ဥကမ(နိုင်)၀၁၇၃၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အေးမင်းမင်းသိမ့်** (LL.B,D.B.L,D.I.L,D.M.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)

**ဒေါ်ချယ်ရီဝင်း** (LL.B,DL-101,WIPO) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁)

**The Solution Power Legal Consultant and Investment Company Limited**

**အမှတ်(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၉၂၁၉၃၂၊ ၀၉-၅၀၉၈၉၄၂**

## အများသိစေရန်ကြေညာခြင်း

ပုသိမ်ကြီးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၂၄-၁-၂၀၁၂) ရက်နေ့၌ ဦးစိုးမြိုင် (ဘ) ဦးဉာဏ် [၉/မလန(နိုင်)၀၀၃၉၉၃] ကိုင်ဆောင်သူမှ မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာ၊ ကွင်းအမှတ် (၅၅၉/က-အုန်းချောအရှေ့)၊ ဦးပိုင်အမှတ် (၀/၄၅)၊ ဧရိယာ (၀.၀၃၂၁) ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမောင်နီ (ဘ) ဦးရီဆုဝင်း [၁၃/သပန(နိုင်)၀၃၀၃၄၈]သို့ ကိုယ်စားလှယ်လွှဲစာအမှတ် (၀၄၈/၂၀၁၂) အား လွှဲအပ်ခဲ့ပါသည်။ ယခုအခါ လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအား လုပ်ငန်းကိစ္စများ ဆောင်ရွက်ရန် မလိုအပ်တော့ပါသဖြင့် ယနေ့မှစ၍ ကျွန်ုပ်၏မိတ်ဆွေမှ ပြန်လည်ရုပ်သိမ်းမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဖျက်သိမ်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်သူ** **ဦးစိုးမြိုင်**

**လွှဲအပ်ချက်အရ -**
**ဒေါ်ခင်သင်းသင်းကြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၉၁၁)(၁၃-၁၁-၂၀၁၈)**
**(စ)ရပ်ကွက်၊ ထထ-၁၅/၂၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**Ph:09-259028901, 09-784464236**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ(၄)လမ်း၊ လူနေရပ်ကွက်အမှတ်-မြင်သာစုပေါင်းအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/၁)၊ မြေကွက်အမှတ် (၄၂/၂)၊ ဧရိယာ(၀. ၀၃၉) ဧကရှိ ဒေါ်သန်း (EC-046841) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက် မိခင် ဒေါ်သန်းနှင့် ဖခင် ဦးခင်မောင်တို့ ကွယ်လွန်သဖြင့် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (၁) ဦးမောင်မောင်လွင် [၉/မသန(နိုင်)၀၀၄၂၀၄]၊ (၂) ဦးသိန်းဝင်း[၁၂/ဥကတ(နိုင်)၁၀၂၅၁၆]တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကျော်ဆန်းဝင်း (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၀၈၉၁)**
**အခန်းအမှတ် (၅)၊ ပထမထပ်၊ Strand Condoiminium၊**
**အမှတ်(၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၄၀၆၈၀၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၂၊ မြေကွက်အမှတ်၊ ၁၂/၂၀၅(က)ဟုခေါ်တွင်သော ဦးငွေးလွင် အမည်ပေါက် မြေချပါမစ်၊ (၂၀ပေx၆၀ပေ)အကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် အမှတ်-၂၀၅(က)၊ မေတ္တာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၆)ခန်းတွဲ နေအိမ်အဆောင်အပါအဝင် ယင်းမြေကွက်၊ နေအိမ်အဆောင်တို့နှင့်ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား၊ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်ချိုချိုသိန်း [၁၂/အစန(နိုင်)၁၂၅၁၉၀]ထံမှ အထက်ပါမြေကွက်နှင့် နေအိမ်လိုင်းခန်းအား ဝယ်ယူရန်အတွက် ကျွန်ုပ်မှ စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ပိုင်ဆိုင်မှုအထောက်အထားမူရင်းစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအားပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးကြည်ရွှင်**

**Ph:09-794555706, 09-666690660**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၀၊ မြေကွက်အမှတ်-၁၀/၅-(ခ)၊ ဟုခေါ်တွင်သော ဦးကျော်သိန်း အမည်ပေါက်မြေချပါမစ်-(၂၀ပေ x ၆၀)ပေ အကျယ်ရှိ မြေကွက်နှင့် မြေပေါ်ရှိ အမှတ်-၅-(ခ)၊ ဆင်ဖြူရှင်လမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် ယင်းမြေကွက်၊ နေအိမ်တို့နှင့်ဆက်နွယ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးတင်ဝင်း [၁၂/ဥကမ(နိုင်)၀၄၀၈၄၀]နှင့် ဒေါ်အေးအေးမြင့်[၁၂/ဥကမ(နိုင်) ၀၄၁၂၄၆]တို့ထံမှ အထက်ပါမြေကွက်နှင့်နေအိမ်အား ဝယ်ယူရန်အတွက် ကျွန်ုပ်မှစရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးပြတ်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးကြည်ရွှင်**

**Ph:09-794888706,09-666690660**

### ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်-ဗိုလ်ရန်ပြေ၊ မြေကွက်အမှတ်(၁၁၈၀)၊ မြေကွက်လိပ်စာအမှတ်(၂/၁၁၈၀)၊ မင်းရဲကျော်စွာလမ်း၊ ဗိုလ်ရန်ပြေရပ်ကွက်၊ ဒလမြို့နယ်ဟုခေါ်တွင်သော ဦးသန်းဝင်း[၁၂/ဒလန(နိုင်)၀၃၂၅၀၀]အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစား၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)၊ ဧရိယာ(၂၄၀၀) စတုရန်းပေရှိ မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

အထက်ရည်ညွှန်းလိပ်စာပါ အိမ်နှင့်မြေအား အပိုင်ရောင်းချသူများဖြစ်ကြသော ဒေါ်စန်းစန်းအေး[၁၂/ဒလန(နိုင်)၀၃၂၅၀၂]နှင့် ဒေါ်ဆွေဆွေထွန်း[၁၂/ဒလန(နိုင်)၀၄၆၇၉၅]တို့မှာ ဂရန်အမည်ပေါက် ဦးသန်းဝင်း၏ဇနီးနှင့် သမီးတော်စပ်သူများဖြစ်ကြောင်းနှင့် ဦးသန်းဝင်းမှာ သာသနာ့ဘောင်သို့ အပြီးတိုင်ဝင်သွားပြီဖြစ်၍ အဆိုပါအိမ်နှင့်မြေအား ဇနီးဖြစ်သူ ဒေါ်စန်းစန်းအေးနှင့်သမီးဖြစ်သူ ဒေါ်ဆွေဆွေထွန်းတို့အား အပြီးအပိုင်လွှဲပြောင်းပေးအပ်ပြီး ပေးကမ်းခဲ့သဖြင့် ပိုင်ဆိုင်လာသောမြေကွက်ဖြစ်ကြောင်းနှင့် ယနေ့တိုင် ၎င်းတို့သာလျှင် ပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအမွေစား အမွေခံအပေါင်အနှံမှစ၍ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝကင်းရှင်းကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း၊ ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာအေး [၁၂/တမန(နိုင်)၀၀၀၂၄၅]မှ အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောမူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန္တာအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်နီလာဝင်း(LL.B)** | **ဒေါ်ခြိမ့်ယွန်းဆက်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၂၃)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၉၅၁)** |

**အမှတ်-၁၀၁၊ ဒုတိယထပ်၊ မြင်တော်သာလမ်း၊ ၃/မာန်ပြေရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။ Ph-09-778434507, 09-772766716**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

